
စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# ရင်နှင့်အမျှ

ငြိမ်းစကျော်

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



"ခွင့်လွှတ်တယ်မောင်"
နားကပ်ပြီး နားထောင်စဉ် ပြောလိုက်သော စကားသည် ဘဝအတွက် ထာဝရ။
အချစ်အတွက် အနန္တ....၊
ခေါင်းအုံးအောက်မှ တစ်စွန်းတစ်စ ထွက်နေသော ကြေးမုံသတင်းစာပါ
ကြော်ငြာဖြတ်စတွေကို မြင်လိုက်၏။

---

"ကိုအောင်သစ်... ကျုပ်ရေ့နေလုပ်လာတာ နည်းတဲ့နှစ်မဟုတ်ဘူး။
ဥပဒေစာအုပ်တွေလည်း ဖတ်ခဲ့တာ အကုန်ပါပဲ။ အမြင်စာတွေလည်း
အိမ်မှာ ခင်ဗျားမြင်တဲ့ အတိုင်း။ ကျုပ် စာရေးတတ်ပါတယ်ဗျာ။
မောင်.. ဆိုတဲ့ ကြော်ငြာထဲက စကားလုံးလေးတစ်လုံး မှားပြီးရေးမိတဲ့အထိ
မတုံးသေးပါဘူး။ အဲဒီ စာလုံးလေးက ခင်ဗျားကို
ဒီအခြေအနေ ပြန်ရောက်စေတယ်လို့ မတွေးမိဘူးလား။"

ရင်နှင့်အမျှ

FIC0109
3,000.00 KS

mgyoe.com

ရင်နှင့်အမျှ ငြိမ်းကျော်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၅၀ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇/၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၈၁ ဆောင်းသစ်စာပေ၏ ပထမအကြိမ်မှု။

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# ရင်နှင့်အမျှ ငြိမ်းကျော်

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## [ ၁ ]

အချစ်ကိုတွေ့ပြီဟုသော စိတ်ခွန်အားကို သတိပြုမိလိုက်သည်။ သို့ရာတွင် ပြုမိသော ထိုသတိသည် ယနေ့ညနေတွင် ပြိုကျသွားချေပြီ။

မျက်နှာချင်းဆိုင် ထိုင်နေသော ပြုံးနွယ်ကို သူကြည့်သည်။ ဝင်းဝင်းရှိန်ကို ရင်ထဲမှ မှန်း မြင်သည်။ ပြုံးနွယ်၏ အဒေါ်ဟု အခုမှ သိမြင်ရသူကို ကြည့်သည်။ ဝင်းဝင်းရှိန်ကို စိတ်ထဲမှ တွေးမြင်သည်။ ပြုံးနွယ်၏ အစ်မဟု အခုမှ သိမြင်ရသူကို ကြည့်သည်။ ဝင်းဝင်းရှိန်ကို အာရုံထဲမှ လှမ်းမြင်သည်။ ဝင်းဝင်းရှိန်သည် အနီးအပါးတွင်မရှိ။ သို့ရာတွင် ရှိသည်ထင်၏။ ပြုံးနွယ်သည် လက်တစ်ကမ်းတွင်။ သို့သော် ဝေးစွာသော အရပ်၌ရှိနေသည်ထင်၏။ အာရုံတို့သည် ထွေးနေ၏။ ဆူပွက်သည်ဟု ထင်ရလောက်အောင်ပင် ရင်ဆိုင်နေရသည်။

"မင်းတို့ ဒီအခြေအနေ ရောက်နေမှတော့ ဒီအတိုင်းနေဖို့ ဘယ်ကောင်းပါ့မလဲ ကွယ်။ ပြုံးနွယ်က မိန်းကလေး။ ပိုပြီး နစ်နာတာပေါ့။ ပတ်ဝန်းကျင်က မေးငေါ့ စရာ ဖြစ်လာရင် မကောင်းဘူးလား။ အဒေါ်တို့ဆီ မင်းတို့သတင်းရောက် လာတာ ကြာပါပြီ။ ကိစ္စဝိစ္စများနေတာနဲ့ ပြုံးနွယ်ကို လာပြောဖို့ နှောင့်နှေးနေ တာ။ ဒါနဲ့ ဒီနေ့ပဲ လာတာ။ လာတော့ ကြားတဲ့အတိုင်း။ အဒေါ်က မင်းတို့ နှစ်ယောက်စလုံးကို အပြစ်ဖို့နေတာ မဟုတ်ဘူးနော်။ အခု မင်းတို့ ပြောပြလို့ မင်းတို့သဘောရော အခြေအနေတွေရော အဒေါ်သိပြီးပြီပဲ။ သဘောမတူစရာ မရှိပါဘူး။ ဒါပေမယ့်...."

ဒါပေမယ့်တွင် စကားရပ်သည်။ သူ့နှလုံးခုန်သံသည် ပို၍ မြန်လာ၏။ စိတ်၏

mgyoe.com

ကျဉ်းကျပ်မှုသည် အထွတ်အထိပ်သို့ ရောက်လာ၏။ တစ်ကိုယ်လုံး အပူပျံ့သည်ကို ရှိန်းရှိန်းထစွာ ခံစားရသည်ဟု ထင်၏။

သူ့ရင်ထဲတွင် အဆိုးရွားဆုံး ဝေဒနာသည် အမြင့်ဆုံးသို့ တစ်စ, တစ်စတက်နေ၏။ ကျဆင်းသော စိတ်ဓာတ်သည် တုံ့သည် ရပ်သည်မရှိ။ အသူတရာမက နက်စွာနက်စွ ကျနေသည်ဟု ခံစားရ၏။ ပြန်လည်ပြောမည့် စကားတို့သည် လျှာပေါ်တွင် အငွေ့ပျံ ပျောက်ကွယ်သွားပြီလား မသိတော့။

"မင်းတို့နှစ်ယောက်က လင်မယားလည်းမကျ သမီးရည်းစားလည်းမကျ။ အဒေါ့် အနေနဲ့က တူမကို ခုအဆင့်ရောက်မှ အပြစ်လည်း မဆိုချင်တော့ဘူး။ မင်းတို့ အမြန်ဆုံး လက်ထပ်ဖို့ပဲ ပြောချင်တော့တယ်"

ပြုံးနွယ်၏ အစ်မက ခေါင်းတစ်ချက်ညိတ်ပြီး အဒေါ့်ထံမှ မျက်လုံးကို ရွှေ့၏။ သူ့ကို စေ့စေ့ကြည့်သည်။ ထို့နောက်

"ငါ့သဘောကတော့ မောင်အောင်သစ်ရဲ့ မိဘကို အကြောင်းကြားတယ်ဆိုတာလည်း တကတ္တာပေါ့။ လောလောဆယ်ကိုပဲ လက်ထပ်ပေးလိုက်ချင်တယ်။ ဒါက...."

ဒါကတွင် စကားခဏရပ်ပြီး ပြုံးနွယ်ကို ကြည့်သည်။ ပြုံးနွယ်သည် အရက်သည်းသော မျက်နှာ နီထွေးထွေးကို ငုံ့ပစ်လိုက်၏။ သူ အသက်ရှုကျပ်လှစွာ သက်ပြင်းချသည်။ ကျွန်တော့်သဘောက... မှူသာ စကားစရသေးသည်။ တုန်ခါသော စကားစသည် ပြုံးနွယ်၏အဒေါ် စကားသံ မြင့်မြင့်ကြောင့် ဖုံးသွားလေ၏။

"အေး .... ငါလည်း ဒီလိုပဲ သဘောရတယ်။ ရပ်ကွက်ထဲက လူကြီးတစ်ယောက်နှစ်ယောက်နဲ့ ညည်းနဲ့ငါနဲ့ပြည်သူ့ကောင်စီ အချို့နဲ့ပဲ ဒီနေ့ညနေလက်ထပ်ပေးလိုက်။ ညှော့ခံပွဲကိစ္စကတော့ နှစ်ဖက်လူကြီးချင်း စကားပြောပြီး စီစဉ်ပေးလိုက်တာပေါ့။ ပြုံးနွယ်... ညည်းဘယ်လိုသဘောရလဲ..."

ပြုံးနွယ်သည် ခေါင်းငုံ့ထားရင်းနှင့် အဒေါ့်သဘောပါပဲဟု ညည်းပြောပြောသည်။ သူ့ရင်ထဲတွင် တဆင့် ပေါက်ကွဲသွားသည်။ ပြုံးနွယ်ကို လှမ်းကြည့်သည်။ မဖြစ်နိုင်သေးပါဘူးဟု ငြင်းချင်သည့် နှုတ်ခမ်းမှာ လှုပ်ရှား၍မရ။ ကျွန်တော့်မိဘနဲ့ စကားပြောပြီးမှ စီစဉ်ကြတာပေါ့ဟု ပြောရန် ကြိုးစားမည့်နှုတ်ခမ်းသည် အသက်မဲ့၍နေ၏။

"ညည်းနှယ်အေး... အဒေါ်တွေ အစ်မတွေ ဆွေမျိုးသားချင်းတွေကို ပြောပြကပ်ပြပြီး မင်္ဂလာဆောင်ပေးပါ ဘာပါဆိုလည်း ပြီးတာပါပဲ။ သမီးရည်းစားဘဝနဲ့

mgyoe.com

mgyoe.com

ခုလိုနေတာကျတော့ ပတ်ဝန်းကျင်ရှိသေးတယ်အေ့။ မောင်တွေ ဘွားတွေ ဦးလေး သားချင်းတွေရဲ့ မျက်နှာလည်း ငဲ့ရသေးတယ် ပြုံးနွယ်။ ကိုယ်ချင်းကိုယ်ချင်း မေတ္တာမျှတယ်ဆိုရင် ဆွေပြမျိုးပြတော့ တစ်ခေါက်တကျင်း ခေါ်ခက်လာဦးမှာ ပေါ့။ ပြောသံဆိုသံ ရိုးတိုးရိပ်တိတ်ကြားလို့ ထလာတဲ့နေ့ကျမှ မြင်ဖူးရတော့ တယ်။ ဒီစကား ပြောရတာ မောင်သစ်အောင် အဲ... မောင် အောင်သစ်ကိုမှ မယုံကြည်လို့ မှတ်ချင် သားချင်လို့ ဆိုတဲ့စကားမဟုတ်ဘူးနော်။ ပြုသင့်ပြုထိုက် တာကို အဒေါ်ပြောတာ။ နေတာက မိန်းကလေးတစ်ယောက်တည်း။ ထားပါ တော့လေ... ဒါဖြင့် ညနေ စောင်းလောက်မှာ ငါအခုပြောတဲ့ အစီအစဉ်အတိုင်း လုပ်။ ရပ်ကွက်လူကြီးတွေ ခေါ်ပြီး လက်မှတ်ထိုး၊ လက်ဖက်ရည်နဲ့မုန့်နဲ့ဧည့်ခံ"

မထင်မှတ်သော အခြေအနေတစ်ခုသည် ရုတ်ခြည်းပြောင်းလဲကျရောက်လာ သည်။ ထိုမျှ ဖြစ်လာမည်မထင်ခဲ့။ မိနစ်ပိုင်း နာရီပိုင်းအတွင်း ထိတ်လန့်ဖွယ်ရာ အပြောင်း အလဲ။ ဘဝအကွေ့အပြောင်း၏ လျင်မြန်ကြီးကျယ်သော အလျင်ဒဏ် အရှိန်ဒဏ်ခံရသည် ဟု နားလည်လိုက်သည်။

"ကျွန်တော့်မိဘတွေကို အကြောင်းကြားချင်သေးတယ် အဒေါ်"

အဒေါ်သည် ခဏတွေနေ၏။ ပြုံးနွယ်ကို ကြည့်သည်။

"မနက်ဖြန် အကြောင်းကြားလိုက်ပေါ့"

"ဒီနေ့ လက်ထပ်ဖို့ကိစ္စက သိပ်ကမန်းကတန်း ဆန်နေတယ် ထင်လို့"

ပြုံးနွယ်အစ်မက မျက်မှောင်တစ်ချက်ကြုတ်ပြီး....

"မိန်းကလေးဘက်က ဆွေမျိုးသားချင်းအနေနဲ့ အဲဒါကို ပိုပြီး စဉ်းစားတာပေါ့။ ဒါပေမယ့်... ကမန်းကတန်း စီစဉ်လိုက်တာကြောင့် တမျိုးအထင် ခံရတာ ခံရပါ စေတော့၊ ရင်မပြီး တထိတ်ထိတ်ဖြစ်နေရမှာကိုလဲ မောင်အောင်သစ် စဉ်းစား ဦးလေ"

ကျွန်တော် ပြုံးနွယ်ကို လက်မထပ်နိုင်ဘူးဟူသော စကားကိုပြောဖြစ်ရန် သတ္တိ မရှိ။ လက်မထပ်ဖူးဆိုရင်ကောဗျာဟူသော စကားကိုထွက်ရန် နှုတ်မပွင့်။ မင်း နှမချင်း မစာနာဘူးလား မေးခွန်းမျိုးမှတစ်ပါး အခြားစကား လာမည်မဟုတ်ဟု အတတ်သိသည်။ ကျင့်ဝတ်သိက္ခာကို ထိပါးလာမည်မှာ ဧကန်ဟု သိသည်။ အထိပါးခံနိုင်သဖြင့် ခေါင်းခါ ခြင်းဖြင့်သာ တုံ့ပြန်သည်ရှိသော် ဥပဒေစကားကို ဆိုကြပေလိမ့်မည်။ ထို့ပြင် ပြုံးနွယ် ကိုယ်တိုင် သူ့စိတ်ရင်းကို ကြားသိသွားချေလိမ့်မည်။

mgyoe.com

mgyoe.com

သိမ်မွေ့စွာဖြစ်စေ၊ ပြင်းထန်စွာဖြစ်စေ ငြင်းဆန်ခြင်းအားဖြင့် ထိုမိန်းမသား သုံးဦးထဲမှ အမျက်အလျှံသာ ကမ်းတော့မည်ထင်၏။ ပြုံးနွယ်ကို သုံးဦးထဲမှ လျှော့လိုက်ဦးတော့ ပြုံးနွယ် မမျက်သည့်တိုင် နာကျည်းမှု။ မိန်းကလေးတစ်ဦး၏ဘဝကို စာနာထောက်ထားခြင်း ကင်းလေခြင်းဟု ဆိုချေလိမ့်မည်။ စိမ်းကားသော စကားတို့ဖြင့် ရင်ကို ခွဲသည်ဟု ဆိုချေလိမ့်မည်။

သည်နေ့တွင်မှ ပထမဦးဆုံးအနေ ကျွံမိခဲ့သည်ကို နောင်တရသည်။ ပြုံးနွယ်၏ အပြစ်မဟုတ်သော ကိုယ့်အပြစ်ကို အဖန်တလဲလဲ အပြစ်ဆိုနေဦး။ အခြေအနေတွေ တဖန်မသစ်တော့ပြီ။ ဘဝတို့သည် ပကတိအတိုင်း ပြန်လည်မဖြစ်တော့ပြီ။ ထိုအခြေအနေဖြစ်သည့်အခိုက်တွင်မှ ပြုံးနွယ်၏ အဒေါ်နှင့်အစ်မတို့ ရောက်လာသည်။

မည်သူက မည်မျှ မည်သို့ သတိလစ်ဟင်း၍တော့ မမှတ်မိ။ စေ့ရုံသာ စေ့ထားသော သံတံခါး။ ထိုတံခါးကိုသာ ကြားလောက်အောင် ပွင့်သံ မပြည်ရော့သလားဟု အပြစ်တင်ရတော့သည်။ ပြုံးနွယ့်အိပ်ခန်း ခန်းဆီးစသည် တစ်ဖက်သို့ ကပ်ဖယ်သွား၏။ မျက်လုံးနှစ်စုံနှင့်အတူ ချောက်ချားသော အထိတ်တလန့်ပြသံတွေ။ ဟင်... အဒေါ်တို့ ဟူသော ပြုံးနွယ်၏ ရှက်ရွံ့ယောင်ယမ်းသံ။ အရှက်ပူပက်သောကြောင့် ပျက်နေကြသော မျက်နှာတွေ။ ယခုထိ မပျက်ကြသေးဟု အဒေါ်တို့ သိနိုင်သည်။

"ကဲ... ပြုံးနွယ်... ရှေ့နေကြီးဦးသန့်ဇင်မြိုင့်ကို ခုပဲ ဖုန်းဆက်ပြီး အိမ်ကိုကြွဖို့ အကြောင်းကြား"

သူ သက်ပြင်းချလိုက်သည်ကို ပြုံးနွယ် မြင်သည်။

❐

mgyoe.com

mgyoe.com

# [ ၂ ]

ကြွေခွက် ဘုံဘိုင်ခေါင်းကို ဖွင့်သည်။ ရေပိုက်မှ အရှိန်သည် မျက်နှာကို လာ၍ မှန်၏။ ရေပန်းအောက်တွင် လက်ခုပ်နှစ်ဖက်ခံသည်။ မျက်နှာသစ်လိုက်သည်။ အေးသော ရေ၏ အထိအတွေ့ကြောင့် လန်းဆန်းသွားသည်။ အိပ်ရေးမဝသဖြင့် သွေ့ခြောက်နေသည် တို့ ပြေသည်ထင်၏။ ရှိန်းတိန်းတိန်း ကိုယ်ပူရှိန်သည် လည်ပင်းနှင့် ဂုတ်ကို ရေထိလိုက် သောအခါ သက်သာသည်။

"မောင်..."

လှည့်ကြည့်လိုက်၏။ အနီးတွင်ရပ်ကာ ပြုံးနေသော ပြုံးနွယ်။ ယိုးဒယားဆပ်ပြာ ဘူးကို ဖောက်ပြီး ဆပ်ပြာနဲ့သစ်လေဟု ပြော၏။ ဆပ်ပြာကို သူလှမ်းယူသည်။ မျက်လုံး စုံပိတ်ကာ ဆပ်ပြာအမြှုပ်ထသည်အထိ ပွတ်၏။ ဖန်တွတ်တွတ် မျက်လုံးသည် ကြည်လင် လာ၏။ အင့် ဟူသော အသံနှင့်အတူ သွားပွတ်တံတွင် ဆေးတင်ပြီးသား။ သူ လှမ်းယူပြီး တစ်ချက်ပြုံးသည်။ ပြုံးနွယ်သည် မျက်နှာသုတ်ပဝါခေါက်ကို ကိုင်ထားကာ ခြေစုံရပ်ပြီး စောင့်နေ၏။ ဆပ်ပြာကို ကြွေခွက်ထဲမှယူကာ ဆပ်ပြာခွက်ထဲသို့ ထည့်ပြီး သွားတိုက် နေသည်။

"ပြုံးနွယ် မောင့်ကို နှိုးမလို့။ ရှစ်နာရီလောက် လာကြည့်သေးတယ်။ တရှူးရှူး နဲ့ အိပ်နေတာနဲ့ မနှိုးတော့တာ။ ဒါနဲ့ မောင့်အတွက် စားစရာသောက်စရာ အသင့် ထလုပ်ထားတာ။ ပြန်အိပ်လို့ မရတဲ့အတူတူ ထမင်းတစ်အိုးလည်းချက် ပစ်လိုက်ရော"

mgyoe.com

mgyoe.com

ရှက်ငွေ့သန်းသဖြင့် နွေးကွေးသော စကားသံ။ သူ အင်းအဲမပြု။ ပြုံးနွယ်သည် ဖြီးလိမ်း ဝတ်စားထား၏။

"ရုံးကို ဖုန်းဆက်ပြီး မောင် ခွင့်တိုင်မယ် မဟုတ်လား"

ခါးကိုင်းထားရာမှ မတ်ကာ အင်းဟု သွားအတိုက်ရပ်ပြီး ပြော၏။

"ခုလောက်ဆို ဆိုင်ကို သီသီတစ်ယောက် ရောက်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေမှာ သေချာတယ်။ တော်ကြာဆို ဖုန်းဆက်ချင်ဆက်မှာ။ သီသီကို အိမ်ခေါ်လိုက်ရမလား မောင်"

အိပ်မက်မှ လန့်နိုးလာခဲ့ပြီး အစစ်အမှန် အခြေအနေတွေ တစ်စတစ်စလင်းကာ ပီသလာသကဲ့သို့ ရှိလေသည်။ ငါ အိမ်ထောင်ကျသွားပါပကောဟူသော အသိသည် သဏ္ဍာန်ထင်းလာ၏။ ငါ့အိမ်ထောင်ဘက်... ဝင်းဝင်းရှိန် မဟုတ်ပါလား။ ငါလက်ထပ်တဲ့သူ။ စကားပြန်ဖို့ ကျွန်မကို အချိန်ပေးဦးမှပေါ့ ကိုအောင်သစ်ရယ်ဟု လွှန်ခဲ့သော လဝက်ကဆိုခဲ့သူ ဝင်းဝင်းရှိန် ဟုတ်မှမဟုတ်လေပဲ။ လက်ထပ်ဖို့အထိ မရည်ရွယ်ခဲ့သူနှင့် ပေါင်းဖက်နေရပြီဟု သိလိုက်သည်။

အတူသွားသွား အတူလာလာ၊ အတူစားစား၊ စကားလက်ဆုံသော် ပျော်သည်ဟုသာ သိခဲ့သည်။ မွေ့လျော်စရာ အခြေအနေသစ်တစ်ခုကို မနေ့ နေ့လယ်က ဖန်တီးမိခဲ့သည်။ ရုံးမှ အပြန် ရွှေတိဂုံဘုရားလမ်း မီးပွိုင့်တွင် ဝင်းဝင်းရှိန် ရုံးကားကိုတွေ့သည်။ ဝင်းဝင်းရှိန် သူ့ကိုမမြင်။

နောက် သုံးလေးစီးတွင် ပြုံးနွယ်၏ ဖီးယက်ကားအဖြူကို တွေ့၏။ ပြုံးနွယ် သူ့ကိုမြင်သည်။ သူ လက်ပြလိုက်သည်။ တစ်ဖက် မီးပွိုင့်အလွန်တွင် ရပ်၍စောင့်သည်။ ကားပေါ်ရောက်ရောက်ချင်း အိမ်ပြန်မလို့ မဟုတ်လား.... လိုက်ပို့ပေးမယ်လေဟု ပြောသည်။ မပြန်ချင်သေးဘူးဟု သူပြော၏။ ရုပ်ရှင်ကြည့်မလားဟု ပြုံးနွယ် မေးသည်။ ခေါင်းခါသည်။

ထမင်းမစားရသေးဘူး မဟုတ်လား ဟူသော အမေးကို အင်းဟု သူဆို၏။ အိမ်မှာ လိုက်စားမလားဟု မေးသည်။ အင်းဟု သူ ပြောသည်။ ထမင်းစားပြီးနောက်။ ထိုနောက်။ သူ့ အဒေါ်နှင့် အစ်မတို့ရောက်လာပြီးနောက်။ ထိုနောက်... ဧည့်သည် လူကြီး ဆယ့်တစ်ယောက် ကြွရောက်လာသော မင်္ဂလာအခမ်းအနား။

"သီသီ သိပ်အံ့သြသွားမှာပဲနော်"

သူခေါင်းညိတ်သည်။ သွားပွတ်တံကို ပလတ်စတစ် ခြင်းလေးထဲသို့ ထောင်၍

mgyoe.com

mgyoe.com

ထည့်ပြီး သီသီတွင် ဘယ်ကပါ့မလဲ ကိုယ့်ဦးလေးတွေ အဒေါ်တွေဆို ဟုတ်ရဲ့လားကွတဲ့။ ယုံမှ မယုံကြတာ။ ဖုန်းထဲက ပြောတာ ပြုံးနွယ်ကို ကိုယ်ပြန်ပြောသားပဲဟု ပြောသည်။ သီသီသည် ပြုံးနွယ်၏အထည်ဆိုင်မှ ကူဖော်လောင်ဖက်။

ဦးလေးတို့ အဲ့ဩသံကို ယခုထိ သူကျက်မိနေ၏။ နှစ်ဝမ်းကွဲဆိုသော်လည်း အရင်းအခြာကဲ့သို့ဖြစ်နေသော ဦးလေးနှင့်အတူ။ အဒေါ်ကပါ များစွာ အံ့အားသင့်သွားပုံရ၏။ မနက်ကျရင် အဒေါ်တို့လာမယ်။ လိပ်စာပေးဟု အံ့ဩ ရယ်မောသံဖြင့် ဆို၏။ တစ်ပါးသူ အံ့ဘနန်းဖြစ်သည်ထက် မိမိကိုယ်မိမိ အဆများစွာ မယုံနိုင်စရာ ဖြစ်ရလေသည်။

"မောင် စိတ်ချမ်းသာရဲ့လားဟင်"

မျက်နှာသုတ်ပဝါကို ပခုံးပေါ် တံဘက်တင်ပြီး မျက်နှာသုတ်နေသော သူ့ကို မေးသည်။ သူခေါင်းညိတ်ရန် ဝန်လေးလျက် ရှိ၏။ မည်သူ့ကိုမကျေနပ်သဖြင့် နေးကွေးနေသည်ကို မစဉ်းစားတတ်။ အဖြေစကားပေးရန် သိပ်နှောင့်နှေးသွားလျှင် မကောင်းဟု သဘောရ၍

"စိတ်ချမ်းသာပါတယ်"

"မောင့်မိဘတွေဆီကို ဒီနေ့ပဲ သံကြိုးရိုက်မယ် မဟုတ်လား"

"စီစဉ်တာပေါ့လေ"

သနပ်ခါး ပါးကွက်ပြည့်တင်းသွား၏။ ပြုံးနေသောမျက်နှာကို သူကြည့်သည်။ လက်တစ်လှမ်းအကွာတွင် ရပ်နေသူ၏မျက်နှာသည် ဝေးကွာစွာ လှမ်းမြင်ရသည်သို့ ရှိလေ၏။ ရည်စူးထားသော ဘဝသည် ပျက်ပြုန်းသွားပြီဟု မှတ်သားနေမိ၏။ ကိုယ့်ကိုယ်ကိုယ် မနှစ်မြို့သော စိတ်သည် ပြုံးနွယ်ထံမှ ရေမွှေးနံ့ကြားတွင် တိမ်သွားပြန်ပြီထင်၏။

တိမ်းယိမ်းယစ်မူးသော စိတ်လှုပ်ရှားမှုတို့သည် တစ်ညလုံး နွေးထွေးစွာ စီးဆင်းခဲ့သည်ကို အမှတ်ရ၏။ မက်မောစဖွယ် အနေတို့သည် ဘဝကိုပြောင်းလဲစေခဲ့ပြီး။ တဖန်ပြုပြင်ပြောင်းလဲရန် မဖြစ်နိုင်တော့ပြီဟု နောင်တရ၏။ ကိုယ့်ကိုယ်ကိုယ် မကျေနပ်မှုတွေ ပေါ်လာသည်။ အာရုံငါးပါး ညှို့သဖြင့် ငုတ်ခဲ့သည်ကိုလည်း သတိရသည်။ ရုပ်ခန္ဓာက ဆွဲယူနှစ်သဖြင့် အသိတရားနှစ်မြုပ်ခဲ့သမျှတွေကို ပြန်လည်မြင်သည်။

ချက်ချင်းလက်ထပ်ရန် ငြင်းမည် ပြင်သော စိတ်သည် အဘယ်အရာကိုကား ငြင်းမည် မအောက်မေ့ ခဲ့လေသနည်း။ မခုန်စဖူးသော နည်းဖြင့်ခုန်သော ကိုယ့်ရင်ခုန်သံကို ကိုယ်နှစ်လိုမိခဲ့ခြင်းသည် အရာရာကို ပြောင်းလဲသွားစေခဲ့ပေပြီ။

mgyoe.com

 mgyoe.com 

"မောင် တစ်ခါတည်းပဲ ရေချိုးလိုက်ပါလား"

ကောင်းသားပဲဟု ပြောလိုက်သောအသံသည် လှုပ်ခါလျက်ရှိသည်။

* * *

ဦးလေးသည် ဝအစ် ဖောင်းသောမျက်နှာကို လက်ကိုင်ပဝါဖြင့် တစ်ချက်ပွတ်ပြီး ပြုံးသည်။ အဒေါ်က ကော်ဖီပန်းကန်ကို စားပွဲပေါ်သို့ ပြန်ချသည်။ သူ့စကားအဆုံးတွင် ဦးလေး ပြုံးသည်။

"မင်း ဖုန်းဆက်ပြီး ဗြုန်းစားကြီး ပြောတော့ ငါမယုံနိုင်အောင် ဖြစ်ရတယ်"

အာလုပ်သံဖြင့် အားပါးတရ ကျယ်လောင်စွာ ပြောတတ်သော အလေ့အတိုင်း ပြောသည်။ ညှော်ခန်းနံရံတွင် အသံဟိန်းသွားသည်။ အဒေါ်သည် ပြုံးနွယ်ကို လှမ်းကြည့်၏။

"အချိန်ဆွဲနေလည်း အပိုပဲလို့ ထင်ပြီး လက်ထပ်လိုက်တာပါပဲ။ အဖေတို့ အမေတို့ဆီကို မနက်ဖြန်ဖြစ်ဖြစ် ဒီနေ့ဖြစ်ဖြစ် သံကြိုးရိုက်မယ်"

သူစကားရပ်လိုက်၏။ အဒေါ်က သံကြိုးရိုက်မနေနဲ့တော့လေ။ လူကြုံရှိတယ်၊ သန်ဘက်ခါ ပြန်မယ်ဆိုတော့ သံကြိုးရောက်မှာနဲ့ တယ်မကွာလှပါဘူး။ မင်း စာရေးထားပေါ့၊ မဟုတ်လားဟု ပြောသည်။ တဆက်တည်း။

"ညှော်ခံပွဲတော့ လုပ်ဦးမယ် မဟုတ်လား မောင်အောင်သစ်"

ခေါင်းညိတ်ပြလိုက်၏။

"သမီးဘက်က အကြောင်းကြားရမယ့် လူကြီးတွေဆီကိုရော အကြောင်းကြားလိုက်ဦးလေ။ နောက်ကျသွားရင် အပြစ်ဆိုစရာ ဖြစ်နေဦးမယ်"

ပြုံးနွယ်သည် ခပ်ငိုက်ငိုက်ထားသော မျက်နှာကို ဖော်ပြီး တစ်ချက်ပြုံး၏။

"အဒေါ်နဲ့အစ်မက မနက်ဖြန်သွားပြီး ပြောကြမယ်တဲ့ အဒေါ်"

အဒေါ်သည် ပြုံးနွယ်ကို အကဲခတ်ကြည့်များဖြင့် မကြည့်တော့။ ခင်မင် သဘောကျသော အပြောအဆို လေယူသိမ်းကို သူသတိထားမိသည်။ ပြုံးနွယ်ကို စေ့စေ့စပ်စပ် ဂရုပြုသော မျက်လုံးနှင့် နားတို့သည် အဒေါ်တွင် မရှိတော့။ ကျေနပ်နှစ်သက်သော မျက်နှာသည် အဒေါ်တွင် ပို၍ ထင်ရှားနေ၏။ မီးဖိုဆောင်ဘက်သို့ ပြုံးနွယ် ထွက်အသွားတွင်...

"မိန်းကလေး အချောအလှကြီး မဟုတ်ပေမယ့် ဣန္ဒြေရှိတယ်။ ကျက်သရေ

mgyoe.com

 oe.com 

ရှိတယ်။ အိမ်ထောင်ရှင် ပီသတဲ့ရုပ်လက္ခဏာပဲ"

အဒေါ်က ဆေးပေါ့လိပ် မီးညှိရင်း တိုးတိုးပြောသည်။ ဦးလေးက ခေါင်းညိတ်သည် ဒါကြောင့်လဲ မင်းတူက အချိန်မဆိုင်းပဲ အားချင်း စီစဉ်လိုက်တာဖြစ်မှာပေါ့ဟု သူ့ကိုကြည့်ကာ ဆို၏။ နှိမ့်သောအသံဆိုသော်လည်း အခြားသူတွေထက် အသံကျယ်၍ တိုးတိုးပြောစမ်းပါဟု အဒေါ်က ဟန့်၏။ ဦးလေးသည် တိုးတိုးလေးပြောတာပဲဟာဟု ပြောပြီးရယ်နေ၏။ မိဘရော မွေးချင်းအရင်းအခြာ မရှိတာကြောင့်ရော ကျုပ်ဖြင့် ကရုဏာပိုတယ်ဟု ဦးလေးကို ပြော၏။ ဧည့်ခန်းဆီသို့ နီးလာသော ခြေသံကြောင့် အဒေါ်တို့ စကားရပ်ပစ်လိုက်သည်။

"ဦးလေးတို့ အဒေါ်တို့ ထမင်းစားပြီးမှ ရုံးသွားကြပါလား"

နေပေစေ၊ ထမင်းချိုင့်ယူလာပြီးသား၊ ကားထဲမှာ ထားခဲ့တယ် သမီးရဲ့ဟု အဒေါ်ပြောသည်။ နောက်နေ့တွေ ကျမှ စားတာပေါ့ဟု ဦးလေးက ပြုံးရယ်ပြီးပြော၏။ ဦးလေးသည် လက်တန်းကို လက်နှစ်ဖက်ထောက်ကာ ထရန် အားပြုရင်း...

"မင်း အဝတ်အစားတွေပါမှ မလာတာ၊ ဦးလေး လာပို့ရမလား"

သူ လက်ကာသည်။ ညနေကျမှ ကျွန်တော် လာယူမယ် ဦးလေးဟု ပြော၏။ အဒေါ်သည် စားပွဲပေါ်တွင် ချထားသော မျက်မှန်ကိုယူတပ်၏။ နံရံရှိနာရီကို လှည့်ကြည့်သည်။ ကိုးနာရီခွဲကာနီးနေပြီဟု ပြော၏။ ဦးလေးနှင့် အဒေါ်တို့ကို ကားရပ်ထားရာ ခြံပြင်အထိ သူလိုက်ပို့၏။ ပြုံးနွယ်သည် မုန့်ကော်ဖီပန်းကန်တွေ သိမ်းဆည်းကာ အိမ်ထဲ၌ ကျန်ရစ်ခဲ့၏။ ကားထွက်ကာနီးတွင် မင်းမိန်းမခိုးပြေးသွားတာကလည်း ကောင်မလေးအိမ်ကို ခိုးပြေးသွားတာကိုးဟု ရွှတ်နောက်နောက် ဝသီအတိုင်းပြော၏။ အမှတ်တမဲ့ပြော၍ ပြန်ပြောစရာစကား မစဉ်းစားတတ်။ ရယ်၍သာ နေလိုက်သည်။

သံတံခါးကို ဆွဲပိတ်ပြီး သော့ကို လှမ်းယူစဉ် ဘာပြောသွားကြသေးလဲ မောင်ဟု ပြုံးနွယ် မေး၏။ ဘာမှ မဟုတ်ပါဘူး ဦးလေးက နောက်သွားတာပါဟု ဖြေရ၏။ ဘယ်လိုနောက်လို့လဲဟု မေးသည်။ အိမ်ရှေ့ကို ကျောခိုင်းထားရင်း ဦးလေး၏ စကားကို ပြန်လည်ပြောပြလိုက်သည်။ ရှက်ပြုံးပြုံးသော မျက်နှာသည် အိမ်ရှေ့သို့ စူးစူးစိုက်စိုက်။ သော့ခတ်ရန် လှည့်သော သူ့ကိုယ်သည် တုံ့သွား၏။ အငှားလေးဘီးကားပေါ်မှ ဆင်းလာသူ။ သီသီ။

"ပြောပြရမှာ ပြုံးနွယ် ရှက်တယ်။ မောင်ပဲ သူ့ကို ပြောပြလိုက်နော်"

အုတ်နံရံရှိ မီးခလုတ်အောက်မှ သံချိတ်တွင် သော့ကိုပြန်ချိတ်လိုက်၏။ ပြုံးနွယ်

mgyoe.com

ကို ကြည့်သည်။ သူ့ပခုံးကို ဖွဖွဆိတ်ကာ အိပ်ခန်းဘက်သို့ လျှောက်သွား၏။ လေဝေ့သဖြင့် ယိမ်းနွဲ့လှုပ်ရှားသော ပန်းဥယျာဉ်ကဲ့သို့ တင့်တယ်လေ၏။

* * *

ငွေစုငွေချေးမှ ငွေတစ်ထောင်ကျော်။ အမေတို့က နှစ်ထောင်။ ဦးလေးတို့က နှစ်ထောင်။ အိပ်ရာအခမ်းအနား ပစ္စည်းဝယ်သည်။ မင်္ဂလာအခမ်းအနားမှာ အကျယ်တဝင့်မဟုတ်။ မင်္ဂလာဆွမ်းကျွေးသည်။ သူ့ရုံးမှ ရုံးသူရုံးသားတချို့၊ ပြုံးနွယ်ဘက်မှ အထည်ရုံရှိ အသိကုန်မဖိတ်။ နီးစပ်ရာ အယောက် နှစ်ဆယ်အစိပ်။ သူ့မိဘနှင့် ဆွေမျိုးရင်းခြာများကိုသာ ဖိတ်သည်။

ပြုံးနွယ်ဘက်က ဘကြီးတော်သူမိသားစု၊ ကြီးတော်မိသားစု အစ်ကိုဝမ်းကွဲမိသားစု။ သုံးစု။ ရန်ကုန်မှ အဒေါ်နှင့် အစ်မ။ ရန်ကုန်နှင့် မိုင်နှစ်ဆယ်ကျော်ဝေးသော အရပ်မှ တကူးတကလာကြရသည်။ မင်္ဂလာပွဲအပြီး လေးရက်လောက် နေကြသည်။ သုံးလေးနှစ် တစ်ခါတခေါက် မရောက်နိုင်ကြသော ပြုံးနွယ်ဆွေမျိုးများ။ သူ့ကို တရင်းတနှီး ပြောဆိုကြသည်။ ချက်ချင်းမြင် ချက်ချင်းခင်သော ဓလေ့ရှိကြသည်။

မြေလတ်ဒေသ လေသံ အပြောအဆို အသုံးအနှုန်းများဖြင့် စည်ကားသော အိမ်သည် ဧည့်သည်များ ပြန်သွားသောအခါ တိတ်ဆိတ်သွားလေ၏။ ခွင့်တစ်လ ယူထားသဖြင့် လက်ထပ်ပြီး တစ်ပတ်အကြာတွင် အထည်ဆိုင် ပြန်ထိုင်သော ပြုံးနွယ်နှင့်အတူ အပျင်းပြေလိုက်သွားသည်။

အနယ်ထိုင်စပြုသောဘဝဟု သတိထားမိသောနေ့။ ဆိုင်သိမ်းပြီး ပြန်အလာတွင် လမ်းမှာ ဝင်းဝင်းရှိန်ကို တွေ့သည်။ ဝင်းဝင်းရှိန် သူ့ကိုမြင်ဟန်မတူ။ မြင်သော်လည်း မမြင်ယောင်ပြုနေခြင်း ဖြစ်နိုင်သည်။ လက်ထပ်ပြီး သုံးရက်အကြာတွင် ကြေးမုံသတင်းစာ၌ လက်ထပ်ပြီးစီးကြောင်း ကြော်ငြာပါခဲ့သည်။ လက်ဖွဲ့ခြင်း သည်းခံပါဟူသော စာကြောင်းကို ပြုံးနွယ်သဘောအရ ဖိတ်စာတွင် ရိုက်ခဲ့သည်။ ရုံးက မိတ်ဆွေတွေ စီစဉ်သော ကြော်ငြာလက်ဖွဲ့။ အငြင်းရခက်၍ ခေါင်းညိတ်ရသည်။

ပန်းချီဆရာထံတွင် စာလုံးဒီဇိုင်းအပ်ပြီး ထည့်သော ကြော်ငြာ။ လှပသော အမြင်ဆန်းသော ထိုကြော်ငြာကို ကြေးမုံသတင်းစာကိုသာ ဖတ်သော ဝင်းဝင်းရှိန်သည် မတွေ့မည် မဟုတ်။ မဖတ်မိမည် မဟုတ်။

ဝင်းဝင်းရှိန်၏ မိတ်ဆွေ အမျိုးသမီးနှစ်ယောက်သည် သူ့ရုံးတွင် တစ်ယောက်က

mgyoe.com

mgyoe.com

ဠာနကွဲ။ တစ်ယောက်က တစ်ခန်းတည်း။ သတင်းစာပို့သူက ကြော်ငြာပါသော နေ့တွင် ပျက်ကွက်စေဦးတော့ ဝင်းဝင်းရိုန်နှင့် သူ့အခြေအနေကို အကဲခတ်သဘောပေါက်နေကြ သော ထိုအမျိုးသမီးတို့သည် ဧကန်ပင် ပြောပြကြပေလိမ့်မည်။ ပြောစရာစကား တမင် အားထုတ်ရှာဖွေနေလေ့ရှိသော ထိုအမျိုးသမီး နှစ်ဦးသည် မပြောပြအားလျှင် ဖိတ်စာကို ပြကြချေလိမ့်မည်။

ထိုနေ့က သန်းခေါင်လွန်သည်အထိ ဝင်းဝင်းရိုန်၏ မမြင်သည် လွှဲဖယ်သည် မကွဲပြားသော မျက်နှာကို မြင်လျက်ရှိ၏။ သို့သော်၊ နွေးထွေးနူးညံ့သော စကြဝဠာသစ် ထဲတွင် အားလုံးကို မေ့လေသည်။ နှင်းရည် လိမ်းကျံသော ကတ္တီပါမြစ်ဝှမ်းတွင် နွေးထွေး သော ရာသီဥတု၊ အိပ်ခြင်း နိုးခြင်းတို့သည် ခွဲခွဲခြားခြား မရှိကြ။

ကျေးသံ ငှက်သံတွေ သဲ့သဲ့ကြားသည်။ မျက်လုံးဖွင့်လိုက်သည်။ မွှေ့ရာ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်တို့၏ သစ်သောရနံ့ကိုရသည်။ တင်းမာသော မို့လဲတို့၏ တုန့်ပြန်မှုကိုသိလိုက်၏။ မျက်လုံးပြည့်မျှ နီးကပ်စွာ မြင်ရသော ပြုံးနွယ်၏နှုတ်ခမ်းသည် တဖြည်းဖြည်း မြင့်သွား၏။

"ခုနစ်နာရီ ထိုးပြီ'

ဝေးသဖြင့် ဝါးသော ပန်းချီကားကို ပီသစွာမြင်ရသကဲ့သို့ ခံစားရ၏။ ဘုရား တည်သည်သို့ ဆေးမင်ရည်ထိုးသည်သို့ နောင်ပြင်ရန် ခက်သည်ဟုဆိုသော စကားပုံ ရေးသူ၏ ကိုယ်တွေ့အဖြစ်အပျက်ကို မှန်းဆကြည့်၏။ ငါ့လိုနေလို့ ဖြစ်မှာပါပဲဟု အောက်မေ့၏။

❒

mgyoe.com

mgyoe.com

# [ ၃ ]

အိပ်ရာမှထသည့်အချိန်တွင် ပြုံးနွယ်သည် ထမင်းဟင်းချက်ပြုတ် ပြီးစီးနေလေ့ရှိသည်။ သူ့အတွက် ထမင်းချိုင့် ပြင်ဆင်ပေးပြီး ဖြစ်သည်။ မုန့် ကော်ဖီ အိပ်ရာထ စားသောက်စရာ တစ်ခုခုကို စားပွဲပေါ်တွင် အသင့်။ အထည်ဆိုင် စောစောဖွင့်ရန် စောစော သွားရ၍ အချိန်ကသိခဲ့သည်။ အထည်ဆိုင်တွင် တစ်နာရီတစ်နာရီခွဲမက ရုံးသွားချိန် ထိုင်စောင့်ရ၍ ဆိုင်သော့ကို သီသီထံ အပ်လိုက်၏။ သီသီက ဆိုင်ကို ကြိုဖွင့်ထားသည်။

သူ့ရုံးကို ပြုံးနွယ်လိုက်ပို့ပြီးမှ ဆိုင်သို့သွားသည်။ အရောင်းအဝယ်ကိစ္စ အထူးရှိပါမှ ဆိုင်သို့ ကိုးနာရီအရောက်သွားသည်။ ရုံးချိန်မတိုင်မီ ပြုံးနွယ် ကားမောင်းပို့ပေးသည်။ လမ်းလျှောက်သွားမည်။ ဘတ်စ်ကားစီးသွားမည်ဆိုသည်ကို ပြုံးနွယ် လက်မခံ။ ပင်ပန်းပါတယ်။ ခဏကလေး၊ ဘာကြာတာ မှတ်လို့ဟု ဆို၏။ နေ့လယ် လက်ဖက်ရည် သောက်ချိန်တွင် ပြုံးနွယ် ရောက်လာ၏။ ရုံးရှေ့လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် လာသောက်သည်။ ပြုံးနွယ်နှင့်အတူ အထည်သည် ဒေါ်ခင်နှစ်ပါ ပါလာတတ်၏။ ဒေါ်ခင်နှစ်သည် ထိုလက်ဖက်ရည်ဆိုင် ဖွင့်ထားသည်။ လက်ဖက်ရည်ဆိုင်တွင် ခင်ပွန်းသည်ကို ဦးစီး ဦးမ ထား၏။ ဒေါ်ခင်နှစ်ကိုလည်းကောင်း၊ ခင်ပွန်း ဦးငွေရကိုလည်းကောင်း အကြောင်းပြုကာ ပြုံးနွယ်နှင့် သိခဲ့သည်။

နေ့လယ် ထမင်းစားချိန်တွင် ဦးငွေရတို့၏ ဆိုင်တွင် ဆင်းစားသည်။ ညနေ ရုံးဆင်းသောအခါ ထိုလက်ဖက်ရည်ဆိုင်တွင် ခဏစောင့်ရသည်။ လေးနာရီ လေးငါး

mgyoe.com

mgyoe.com

ဆယ်မိနစ်လောက်တွင် ပြုံးနွယ် လာကြို၏။ အထည်ဆိုင်သို့ လိုက်သွားသည်။ အအေးတစ်ခုခု စားသောက်စရာတစ်ခုခု ပြုံးနွယ် ပြင်ဆင်ထား၏။

တစ်နာရီသာသာ ဆိုင်မှာထိုင်ရ၏။ ငါးနာရီမထိုးမီ ဆိုင်သိမ်းသည်။ ပြုံးနွယ် စာရင်းမှတ်သည်။ ငွေရေသည်။ သီသီကို ကူသိမ်းပေးပြီး ပြန်သည်။ နှစ်ဆယ့်ခြောက် လမ်းဈေးမှ ဝယ်ထားပြီးသား ဟင်းလျာကို အိမ်ရောက်ရောက်ချင်း ချက်သည်။ ခြောက်နာရီ ခွဲလောက်တွင် ညစာထမင်းဟင်း အသင့်။

"မောင် ရေချိုးချင် ချိုးတော့လေ။ ထမင်းစားတော့မလား"

"ရေချိုးလိုက်ဦးမယ်"

ရေလဲလုံချည် ဝတ်နေစဉ် ရေပုလင်းနှင့် ဖန်ခွက်ကို ယူလာ၏။

"ရေသောက်ပြီးမှချိုး၊ လမ်းမှာ နေနည်းနည်းမိထားတယ်။ အပူမရှပ်အောင်လေ"

ဖန်ခွက်ကို သူယူသည်။ ပုလင်းဖုံးဖွင့်ကာ ငှဲ့ထည့်၏။ ရေပုလင်းသည် အအေး ငွေ့ဖြင့် အမှုန်သီးလျက် ရှိ၏။

ရေသောက်အပြီးတွင်

"ဒီနေ့ ပြုံးနွယ်တို့ လက်ထပ်တာ နှစ်လပြည့်တဲ့ နေ့ပဲ။ မောင် သတိရမှရရဲ့လား"

ရတာပေါ့ဟု ဖြေသာ ဖြေရ၏။ အသံသည် အသက်မဝင်လှ။ ရေချိုးခန်းဆီသို့ လျှောက်သွားစဉ် ပြုံးနွယ်သည် ယှဉ်လျက်လိုက်ပါလာ၏။ မပီသသော သူ့အပြုံးကို ပြုံးနွယ် သတိပြုမိပုံမရ။ လှိုက်လှဲစိုပြည်သော အပြုံးကို သူမြင်ရသည်။ ရေခဲသေတ္တာ လေးထဲသို့ ရေပုလင်း ပြန်ထည့်စဉ် ရေချိုးခန်းတွင်းသို့ သူဝင်၏။ ရေပိုက်ခေါင်း အဖွင့်အပိတ်ကြားတွင် ပြုံးနွယ်၏ သီချင်းဆိုသံ သဲ့သဲ့ကြားသည်။ ရေခံလုံချည်ဝတ်ပြီး တံခါးဖွင့်လိုက်၏။ ပြုံးနွယ်သည် ကိုယ်သုတ်ပဝါကိုင်ကာ အသင့်စောင့်နေ၏။

"ညနေ ဆိုင်သိမ်းပြီးရင် ရွှေတိဂုံဘုရား သွားရအောင်နော် မောင်"

"ကောင်းသားပဲ"

ပြုံးနွယ်သည် တစ်စုံတစ်ခု သတိရဟန်ဖြင့် မျက်ခုံးတစ်ချက် ချီသည်။

မောင့်ကို ပြောမလို့"

"အင်း..."

"ပြုံးနွယ်တို့ မင်္ဂလာဆောင်တုန်းက မောင့်ရုံးက ငွေရယ်...၊ မောင့်အမေတို့ ငွေရယ်၊ ဦးလေးတို့ ငွေရယ်၊ အဲဒီငွေစက္ကူတွေ ပြုံးနွယ် သပ်သပ်ဖယ်ထားတယ်။ အားလုံး ငါးထောင်သုံးရာ။ မောင့်ပိုက်ဆံတွေ မောင်ဘာသာ မောင်ပဲ သိမ်းထား

mgyoe.com

လိုက်ပါလား"

သူ နားမလည်။ စားပွဲ ကုလားထိုင်စုံ၊ ဗီရို၊ ထမင်းစားစားပွဲ၊ ခုတင်၊ မှန်တင်ခုံ၊ မင်္ဂလာပစ္စည်းပစ္စယ၊ အကျီအဝတ်အစား၊ ဧည့်ခံစရိတ်အားလုံး ခြောက်ထောင် ကျော် ခဲ့သည်။

"ကိုယ် သဘောမပေါက်ဘူး။ ဘာဖြစ်လို့လဲ"

"ကုန်ကျသမျှကို ပြုံးနွယ် တာဝန်ထားပေါ့။ မောင်တို့ဘက်က ငွေကို မောင့်ဘာသာမောင် သိမ်းထားလေ။ မောင့် သဘောပေါ့"

ယောကျ်ားတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိခိုက်သွားစေနိုင်သော ခေါင်းညိတ်မျိုးဖြစ်သွားမည်စိုး၏။

"မဟုတ်တာပဲ ပြုံးနွယ်။ ကိုယ်က ကိုယ်နိုင်သလောက်၊ အမေတို့ ဦးလေးတို့ကလည်း တတ်နိုင်သလောက် ထုတ်ပြီး မင်္ဂလာဆောင်ခဲ့ကြတာပဲ။ ပြီးတော့... ဦးလေးတို့ အမေတို့ ငွေထုတ်ပေးတာကို ပြုံးနွယ် ငြင်းခဲ့သားပဲ။ ရလို့လား။ မင်္ဂလာဆောင်အတွက် ထုတ်ပေးလို့ ဝယ်ခြမ်းပြီး ကျွေးမွေးပြီးလို့ပဲ ပြီးခဲ့ပြီ။ ဒီငွေကို အစားပြန် ထုတ်ပေးတယ်ဆိုတာ ဘယ်ဟုတ်မလဲ"

ပြုံးနွယ်သည် ပခုံးမှ ရေစက်တွေကို ကူသုတ်ပေးရင်း မော့ကြည့်ကာ–

"မောင့်ငွေရော ဦးလေးတို့ အမေတို့ငွေရော ပေးတဲ့အတိုင်း အထပ်တောင် မပျက်ဘူး။ ဒီတော့... အဲဒီငွေဟာ သုံးမှ မသုံးရသေးဘူးပဲပေါ့။ ဟုတ်တယ် မဟုတ်လား"

"မကောင်းပါဘူး။ ပြုံးနွယ်ပဲ သုံးပေါ့။ ပြုံးနွယ် ယူထားပေါ့"

"ဟင်... မောင်ကလည်း... ဒါဖြင့် အဲဒီငွေကို ဆိုင်ထဲမှာ အရင်းအနှီးထည့်လိုက်မယ်။ မောင့်အတွက် စာရင်းသပ်သပ် ထားပေးမယ်လေ။ ဘယ့်နှယ်လဲ"

မျက်တောင်မခတ်။ သူ့ကို ကြည့်နေ၏။

"သဘောပဲ ပြုံးနွယ်"

ပြောမပြတတ်သော ခံစားမှုသည် ရင်ထဲ၌ ဖြစ်ပေါ်လာသည်ဟုကား သိ၏။

* * *

မိုးသံသည် ဖြောက်ဖြောက်မျှသာ မြည်သည်။ မရွာသော မိုးပြေး။ အအိုက်မပြေ။ အိပ်ရာမှ ထလိုက်၏။ ပြုံးနွယ်သည် အိပ်မောကျလျက် ရှိသည်။ အိမ်ရှေ့ခန်းဘက်သို့

mgyoe.com

 mgyoe.com 

လျှောက်သွားသည်။ ပြတင်းတံခါး ဖွင့်လိုက်သည်တွင် မိုးစလေပြည် ဝင်လာ၏။ အလူမီနီယံ ပက်လက်ကုလားထိုင်တွင် ထိုင်သည်။ စားပွဲပေါ်ရှိ စီးကရက်ဗူးကို ယူပြီး တစ်လိပ်ထုတ်သည်။ ခဏတွေနေ၏။

မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာသည်။ ကျောမှီချပြီး ခြေဆန့်လိုက်၏။ အိပ်ခန်း ဧည့်ခန်းအစပ် မျက်နှာကြက်ရှိ ငါးတိုင်အားမီးရောင်သည် အုတ်နံရံဆီသို့ တိုက်ရိုက်ကျနေ၏။ ထိုနံရံမှတစ်ဆင့် ကြက်ဥနှစ်ရောင်သုတ်ထားသော ဧည့်ခန်းနံရံပတ်လည်သို့ အရောက်ဆက်ကာ ပျံ့နေ၏။ မျက်နှာကြက် ဖန်ဝိုင်းမီးချောင်းအုပ်တွင် အလင်းကိုပြန်ကာ အရောင်လက်လက်တွေ ထင်လျက်ရှိသည်။

အေးချမ်းသော ဘဝတစ်ခုဟု ကိုယ်ကလွဲလျှင် အားလုံးက အထင်ရှိကြပေလိမ့်မည်။ တည်ငြိမ် အေးဆေးသော အရိပ်အာဝါသအောက်တွင် နေထိုင်လျက်ရှိပြီဟု ထင်ကြချေလိမ့်မည်။ ထိုသို့ မဟုတ်ဟူသော စကားကို ပြောရန် အမှန်ပင် ခက်ခဲလေသည်။ တစ်နှစ်ကျော် အတူသွား အတူလာသည်ကို မြင်ဘူးကြသူတွေ၏ ရှေ့၌ ပြောရန်မှာ သာ၍ ခဲယဉ်းလေသည်။

ချစ်ခင်မြတ်နိုးသော သူနှင့် သွားအတူလာအတူ ဘဝမှ နေအတူဘဝကို ဖန်တီးရရှိခဲ့ပြီ။ ထို့ထက် မည်သူသည် ဆုတောင်းပြည့်စုံနိုင်ပါအံ့နည်းဟု မေးကြပေလိမ့်မည်။

အချစ်မပါဝင်ခဲ့ဟူသော စကားကို ပြောခွင့်ကြုံသည့်တိုင် နှုတ်မရဲ။ ဒါဖြင့် ဘာလို့ လက်ထပ်ခဲ့သေးလဲ အမေးမျိုးကို လုံလောက်အောင် ဖြေရလျှင် ကြားရသူ့နား၌ စိမ်းခြေလိမ့်မည်။ လက်ထပ်လိုသည်အထိ မချစ်ခဲ့ပါဟု ပြောချင်သည်။ သို့ရာတွင် ထိုစကားထိုအနက်တို့သည် ကိုယ့်ဘဝနှင့် အကျင့်သိက္ခာကို ထိခိုက်စေမည်ဟု သိနေသည်။ မိမိကိုယ်မိမိ ငဲ့သောကြောင့် ပြောချင်သည်ကို အခိုင်အမာ မပြောနိုင်ခဲ့။

ခေါင်းမာစွာ ငြင်းဆန်လိုက်လျှင် ပတ်ဝန်းကျင်၏ စူးရှပြင်းထန်သော တုံ့ပြန်မှုကို ခံရမည်စိုးခဲ့သည်။ ပြုံးနွယ်၏ အဒေါ်သားချင်းတို့သည် တူမဖြစ်သူ၏ ဘဝအတွက် ကြီးစွာသော စိုးရိမ်စိတ်ဖြင့် စကားပြောခဲ့ကြသည်။ တူမ၏ဘဝ ထိပါး၍ နစ်နာမည်ကို ကာကွယ်ရန် ကောက်ကာငင်ကာ စီစဉ်ကြခြင်းဟု နားလည်သည်။ တစ်နေ့တာမျှပင် မရွှေ့ဆိုင်းနိုင်လောက်အောင် စိတ်စောစွာ ပူပန်ကြသည်။

ထိုသို့သော စိတ်နှလုံး ရှိကြသူတို့ကို ဆန့်ကျင်လိုက်ပါက မမျှော်လင့်သော ပြဿနာတစ်ရပ် ပေါ်ပေါက်လာမည်ဟု ယူဆ၏။ ပြုံးနွယ့်အဒေါ်နှင့် အစ်မတို့၏ မျက်နှာတွင် ထိတ်လန့်စရာကောင်းသော အရိပ်အခြည်တွေ တွေ့ခဲ့ရသည်။ အရှက်မွှန်စွာ တုန်လှုပ်

mgyoe.com

mgyoe.com

နေခြင်းနှင့် ကြောင့်ကြခြင်းတွေက ဦးနှောက်ထဲတွင် ပြေးလွှားရှိနေသည်။

ရေစုန်တွင် မျောပါကာ နေသကဲ့သို့ပါတကားဟု ယခုမှ တွေးမိသည်။

အကယ်၍သာ ရုံးအဆင်းတွင် ပြုံးနွယ်က လာစောင့်ခဲ့ပါက...။ ပြုံးနွယ်က အိမ်ကို လိုက်ခဲ့ပါလားဟု စပြောခဲ့ပါက...။ တင်ကြိုစကား ပြုံးနွယ် ပြောထားခဲ့ပါက...။ ထောင်ချောက်တွင် မိအောင် ပြုံးနွယ် စီစဉ်ထားသည်ဟု မလွဲမသွေထင်စရာ။ လမ်းတွင် အမှတ်မဲ့ဆုံရာမှ စတင်ဖြစ်ပေါ်လာသော အမှတ်မထင် ကိစ္စ။ ချစ်သည် ကြိုက်သည်စကား ပြုံးနွယ်ကို တစ်ခွန်းမဆိုဖူးခဲ့။ ငြိတွယ်သော သဘောကို ပြသရာ ထင်ရှားစေရာ စကားတွေတော့ ပြောမိခဲ့သည်။

တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ထမင်းကျွေး မုန့်ကျွေး ရုပ်ရှင်ပြပွဲလမ်းသဘင် အတူသွားဘဝ။ အကြင်နာဂရုစိုက် အကြည့်တွေ အပြောအဆိုတွေ ရှိခဲ့ကြသည်။ သူ့အပြုအမူတွေ အားလုံးက မိန်းကလေးတစ်ယောက်အတွက် အဖြေရှင်းနေ၏။ ပြုံးနွယ် သူ့ကို ချစ်နေသည်ဟု သူ နားလည်သကဲ့သို့ ပြုံးနွယ်သည်လည်း သူ့နည်းတူ။

ထိုနေ့က ပြုံးနွယ်သည် ချစ်တယ်ဟု တစ်ခွန်း ပြောခဲ့သည်။ ကြားပြီးသား စကားကို ကြား၍ များစွာ မထူးခြားသကဲ့သို့ ပြုံးနွယ်နေ၏။ ကြည်နူးစွာပြုံးကာ ရှက်စနိုးစကား ဆို၏။ သိပါတယ်။ သိတာကြာလှပြီဟု ရယ်မောပြီးပြော၏။ ကျေနပ်ဝမ်းသာသော ပြုံးနွယ်၏ မျက်နှာ။

ကံကြမ္မာဆိုတာ ဒါပဲထင်ရဲ့ဟု တွေးသည်။

လက်ခုံပေါ်သို့ စီးကရက်ပြာ ကြွေကျလာ၏။

"မောင် ဘာတွေစဉ်းစားနေလဲ"

ရှပ်ခနဲမြည်သော ခြေသံအကြားတွင် လှမ်းကြည့်သည်။ ပြုံးနွယ်သည် အခန်းနံရံတွင် ကျောကပ်ကာ ရပ်လျက်။ လက်ဝါးနှစ်ဖက်ကို ထပ်ကာ ခါးနောက်တွင် ထား၏။ ရှည်လျားသော ဆံပင်သည် ရင်ညွှန့်မှဖြတ်ကာ ဒူးအောက်နားအထိ ကျနေ၏။ မီးရောင်သည် ကိုယ်၏ ဗယ်ဘက်တွင် အရိပ်ကျနေ၏။ လက်ယာဘက် ပါးပေါ်တွင် အလင်းပျပျ ထင်နေ၏။ စပို့ရှပ်အဖြူတွင် အလင်းနှင့် အရိပ်ကောက်ကြောင်းတွေ ပီသလျက်ရှိ၏။ ကချင်ထဘီ တစ်ပတ်နွမ်းသည် ဝတ်သားကျသဖြင့် ပျော့ပျောင်းစွာ တင်းတင်းရစ်ရစ် ကပ်နေ၏။

"အိုက်လို့"

စီးကရက်တဖွာဖွာပြီး ပြာခံခွက်ထဲသို့ ထိုးချေကာထည့်သည်။

mgyoe.com

mgyoe.com

"မောင် အိပ်ကာနီး လက်ဖက်ရည်သောက်လိုက်လို့ မျက်စိကြောင်တာ ဖြစ်မှာပါ။ ပြုံးနွယ် ကော်ဖီပဲ ဖျော်ပေးဖို့ ကောင်းပါတယ်။ မောင်သိပ်အိုက်ရင် ပန်ကာ ဖွင့်ပေးရမလား"

"ချွေးအအေး ပတ်မှာစိုးရတယ်"

"ဟုတ်သားပဲ။ တစ်ခုခုစားမလား။ ပေါင်မုန့် မီးကင်နဲ့ ကြက်ဥဖြစ်ဖြစ်။ ဗိုက်ပြည့်သွားရင် အိပ်လို့ ရချင်ရမှာ။ အိုက်တာက ဒီလောက် မအိုက်ပါဘူး။ ပြုံးနွယ်တော့ အနေတော်ပဲ"

ပြုံးနွယ်သည် ပါးချိုင့်နှစ်ဖက်ပေါ်စွာ ပြုံး၏။ ရေမွှေးရနံ့သည် ပြတင်းလေနှင့်အတူ သူ့ထံသို့ရောက်လာ၏။ မောင်အိပ်ရာက ထသွားကတည်းက ပြုံးနွယ် နိုးနေတာဟု ပြော၏။ သူပြုံးသည်။ ရုံးမှာ စိတ်ညစ်စရာရှိလို့လား မောင်ဟု မေး၏။ ဟင့်အင်းဟု ဖြေသည်။ သူ့ထံသို့ လှမ်းလာ၏။ ကုလားထိုင်ဘေးတွင်ထိုင်သည်။ သူ့လက်မောင်းပေါ်သို့ လက်ဖဝါးနှစ်ဖက် တင်၏။

"မောင် စိတ်ညစ်စရာ မရှိဘူးလို့သာဆိုတယ် အရင်ကလို မဟုတ်ဘူး။ စကားပြောတာ စိတ်မပါသလိုကြီး။ ပြုံးနွယ်ကို မကျေမနပ်စရာရှိလို့လား။ ပြောလေ။ မောင်မကြိုက်တာကို ပြုံးနွယ် ပြင်ရမှာပေါ့"

"မရှိပါဘူး"

"ဧကန္တတော့ လူပျိုဘဝနဲ့ နေနေချင်သေးတာကို ဗြုန်းခနဲ လက်ထပ်လိုက်ရလို့နဲ့ တူတယ်"

မဖြေ။ ပြုံးနွယ် သူ့ကို အကဲခတ်နေ၏။

"နည်းနည်းတော့ စောသွားတယ်"

ပြုံးနွယ် မျက်နှာတွင် အပြုံးလျော့သွား၏။

"လူကြီးတွေ တွေ့သွားတော့ ပြုံးနွယ်ရှက်တာနဲ့ ဘာပြောရမှန်းမသိဘူး ဖြစ်သွားတယ်။ မောင်က တစ်လ နှစ်လရွှေ့မယ့်စကား ပြောရင်တော့ ဖြစ်ပါတယ်"

"ပြောတော့ ပြောသားပဲ"

"သေသေချာချာ မပြောလို့ပါ"

"သိပ်လည်း မပြောရဲဘူးလေ။ တော်ကြာ သူတို့တူမ ညီမကို သက်သက်ကြော်ယုံပဲ တွက်ရင် မိုးမီးလောင်မယ့် အရေးမြင်နေရတာကိုး"

"ဒီလောက်လဲ မဟုတ်သေးပါဘူး။ ပြုံးနွယ်ကတော့ ဘာမှကို မပြောသာဘူး

လေ။ ပြောလိုက်ရင် တအားဆိုကြမှာ။ သြော်... ညည်းကပါ အဲသလိုပဲ နေချင်သေးလို့လား ဘာလားနဲ့ ဆွဲဆုတ်သလို ပြောကြမှာ။ ထူပူနေတာနဲ့ ဘာစကားမှ ခေါင်းထဲရောက်မလာဘူး"

မျက်လွှာချထားရင်း ပြောသည်။

"လူပျိုဘဝနဲ့ မောင့်ကိုကြည့်နေချင်တဲ့သူထဲမှာ ပြုံးနွယ်လည်း ပါပါတယ် မောင်ရဲ့"

ရင်ထဲမှာ ခုခံတင်းမာနေသည်တို့ ရှိမြဲရှိနေ၏။

"မောင် တကယ် ဆိုးတာပဲကွာ။ မိန်းကလေးတစ်ယောက်က ချစ်နေမှန်းသိလို့ အခွင့်ကောင်း ယူလိုက်တာ။ ဟုတ်တယ် မဟုတ်လား။ မောင့်ကိုယ်မောင် ပြန်တွေးဦးလေ။ တကယ်ပဲ"

ရယ်သံ သဲ့သဲ့ဖြင့် အပြစ်စကားဆို၏။

"အင်းပေါ့လေ.... ခုတော့ အဲသလို ပြောစရာဖြစ်နေတာပေါ့"

ပြုံးနွယ်သည် ဦးခေါင်းကို သူ့မျက်နှာအနီးသို့ တိုး၏။

"ဘယ်လို မောင် ပြောစရာဖြစ်အောင် ဘယ်သူကပြုတာလဲ"

သူ ရယ်မိလေသည်။

"ဟုတ်ပါတယ်။ ကိုယ့်အပြစ်ပါလို့ ပြောနေတာပါ"

ပြုံးနွယ်သည် အပြုံးငွေ့ငွေ့ဖြင့် စူးစူးစိုက်စိုက်ကြည့်ကာ ဟင်းဟု ဆို၏။

"မိန်းမရလိုက်တာကို မကျေမနပ်ဖြစ်နေတယ်ပေါ့"

"အဲသလို မပြောရပါလားဗျာ"

"ပါးစပ်က မပြောဘူးလေ။ အမူအရာတွေနဲ့ ပြောနေတယ် မဟုတ်လား။ မိန်းမရသွားပြီဆိုတော့ စန်းမပွင့်မှာ စိုးလို့ မဟုတ်လားဟင်။ ပြောလေ မောင်"

သူ အားပါးတရ ရယ်လေသည်။

"မောင် မိန်းမရ ကံကောင်းတယ်ဆိုတာ နောက်တော တဖြည်းဖြည်း သိလာမှာပါ"

"ဟုတ်ကဲ့..."

"အဟုတ် ပြောတာ"

"ကျေးဇူးတင်ပါတယ်"

"မောင်နော် ပြုံးနွယ် အကောင်းပြောနေတဲ့စကားကို'

"ကိုယ်ကလည်း အဟုတ်ပြန်ပြောနေတာပါ ပြုံးနွယ်ရ"

mgyoe.com

 oe.com 

"ပေါ့ရွှတ်ရွှတ် မလုပ်ပါနဲ့ မောင်ရာ"

သူ့လက်မောင်းကို ပြုံးနွယ် ဖျစ်ကာ စိတ်ဆိုးဟန်အမူအရာ ပြု၏။

"ပြုံးနွယ် စိတ်ချမ်းသာတယ် မဟုတ်လား"

"မောင့်စကားကြီးကလည်း မောင်ကတော့ စိတ်မချမ်းမသာဖြစ်တဲ့သဘောပေါ့"

"မဟုတ်ပါဘူး။ ရိုးရိုးလေး မေးတာပါ"

"မျက်တောင်တစ်ချက် နှစ်ချက် ခတ်ပြီး..."

"ချစ်တဲ့သူနဲ့ နေရတဲ့ဘဝကို စိတ်မချမ်းသာပဲ နေပါ့မလားကွယ်..."

နား၊ နားတွင် ကပ်၍ ပြော၏။ သူ မျက်နှာလှည့်လိုက်သည်။ ကြည်လဲ့သော မျက်လုံးအစုံသည် မရွေ့။

"မောင့်ကို ပြုံးနွယ် သိပ်အားကိုးတယ်။ မောင့်ကို နောက်မှပြောပြရမယ်။ ပြုံးနွယ်တို့မိသားစုအကြောင်း။ စိတ်ငယ်သလိုလို ဖြစ်တတ်တာတွေ အားလုံးက လက်ထပ်တဲ့နေ့မှာ အကုန်ပျောက်သွားတယ် သိလား။ ပြုံးနွယ် ယောကျ်ားရကံကောင်းတာ အမှန်ပဲ"

စကားအဆုံးတွင် ပြုံး၏။ ပြောချင်တာ စကားတွေက ရေမွှေးနံ့ထဲတွင် ပျော်ဝင်သွားကြလေသည်။ အသွင်ပြောင်းဘဝကို မခံချိမခံသာဖြစ်နေသော စိတ်တို့သည် သနပ်ခါးမှုန်တို့ကြားတွင် မေ့မှိန်သွားလေ၏။ အာရုံသစ်ကို ဖန်တီးသော အလှအပတို့သည် မြေပေါ်၌ မှိတင်းနေထိုင်သော ရေသတ္တဝါတစ်ကောင်၏ဘဝကို ရောက်စေပြီထင်၏။

အံ့သြဖွယ်ပေတကား...။

❒

mgyoe.com

mgyoe.com.

[ ၄ ]

ကားကို ပြန်လည်ပြုပြင်ရန် အလုပ်ရုံတွင် အပ်ထားရသည်။ လမ်းတွင် နှစ်ကြိမ် သုံးကြိမ် တွန်းယူ၍ သူ့ကို အားနာသည်ဟု ပြုံးနွယ် ဆို၏။ တစ်ပတ်နှစ်ပတ်ဆိုလျှင် အဆင်ပြေပြီ။ သို့သော်... သည်ရက်အတွင်း သွားရေးလာရေးမှာ အနည်းငယ် ပင်ပန်းသည်။ အပြန်တွင် အငှားကား ငှားပြီးပြန်ကြရသည်။ အိမ်ရှေ့အထိ ကားကိုခေါ်သွားရုံ။ မိုးလေသည်းသောအခါတွင် ရရာကား ငှားရ၍ မိုးရေမိတတ်၏။

တစ်နေ့လုံး နေမသာသော ယနေ့လိုနေ့မျိုးမှာအသွားအလာ ဒုက္ခမရောက်။ အုံ့ဆိုင်းသော မိုးသားတို့သည် ကောင်းကင်အပြည့်။ မိုးငွေ့လေးသည် တသုန်သုန် တိုက်နေ၏။ အပူရှိန်သည် သိသာစွာ ကျသွား၏။ ညနေခင်းသည် အနေရအထိုင်ရ ကောင်းအောင် ရှိနေ၏။ ဈေးထိပ်သို့အရောက်တွင် ကားဆရာကို ရပ်ရန် ပြုံးနွယ် လှမ်းပြော၏။ ဟင်းသီးဟင်းရွက် ဆင်းဝယ်သည်ဟု သူ့ကို ပြော၏။ ဈေးဝယ်ပြီး ကတ္တရာလမ်းဘေးမှ အတူ လျှောက်လာရင်း...

"အဒေါ်ကို ပြုံးနွယ် ဆက်ဆံလိုက်တာ မယဉ်မကျေးဖြစ်သွားတယ်လို့ မောင် စိတ်အနှောင့်အယှက် ဖြစ်သွားလားဟင်"

သူ မေ့လျော့နေ၏။ အထည်ဆိုင်မှာ ဖြစ်သည့်ကိစ္စ။ နေ့လယ်က ဒေါ်သိန်းဦးနှင့် ပြုံးနွယ်တို့ စကားပြောနေသည်ဟု ကြားစက ထင်၏။

အထည်နှစ်ဆယ် ဒီအဆင်ထဲကတော့ ပြုံးနွယ် မပေးနိုင်ဘူး အဒေါ်။ ဒီမှာကိုက

mgyoe.com

 mgyoe.com 

ရောင်းဖို့နည်းနေတယ်။ အဒေါ် ငါးထည်ယူသွား။ အရင် ဂန့်ဂေါ်ဆင် အထည်နှစ်ဆယ်က ငွေလည်း အဒေါ်ကောက်ပေးဦးလေ။ မပေးသေးလို့ ကြွေးဆုံးလို့သာဆိုရင် ပြုံးနွယ်လည်း ပင်ရင်းက အလကားရတာမှ မဟုတ်တာ။ လာသွင်းတဲ့ သူကို ချက်ချင်းငွေချေပြီး ယူထား ရတာပဲ။ ပြီးတော့ ပါတိတ်သုံးစုံကလည်း တစ်ပြားမှ မရသေးဘူး မဟုတ်လားဟု ပြော၏။

ဒါဆိုလည်း နေပါစေ။ မယူတော့ဘူးဟု ပြော၏။ မယူနဲ့ ပြောတာမဟုတ်ဘူး နော် ... ငါးထည်ဆိုရင်တော့ ပြုံးနွယ်မျှနိုင်တယ်ဟု ပြောသည်။ ဒေါ်သိန်းဦး ခေါင်းခါ၏။ မျက်နှာမလှ။ စကားဆက်၍ မဆို။ တင်ပါးလွှဲ ထိုင်နေရာမှ ဖြတ်ခနဲ ထသွား၏။ ပြုံးနွယ် က အဒေါ်... အဒေါ်ဟု လှမ်းခေါ်၏။ လှည့်မကြည့်။ ဘာဖြစ်တာလဲ ပြုံးနွယ်ဟု သူ မေး၏။ သက်ပြင်းချလိုက်ရင်း...

"ပါတိတ်သုံးစုံက နှစ်ရာကျော်။ ဂန့်ဂေါ်ဆင်က ငါးဆယ့်ခြောက်ကျပ်၊ တခြား တိုလီမိုလီက နှစ်ရာကျော်။ ထောင့်လေးငါးရာကျော်။ ယူထားတာ ခြောက်လ ကျော်ပြီ။ အဲဒါ အခု ဒီရခိုင်လုံချည်ကိုလဲ အထည်နှစ်ဆယ် ပေးပါတဲ့။ တစ်ထည် ခုနစ်ဆယ် နီးနီး။ ပြုံးနွယ်လည်း မတတ်နိုင်တော့ဘူးလေ။ ရုံးတို့ ရပ်ကွက်တို့ စက်ရုံ အလုပ်ရုံတွေမှာ လပေးလျှော့ရောင်းတာမို့ အတတ်နိုင်ဆုံး ကူညီတာပဲ။ အမြတ်သူစား အရင်းတော့ ပြုံးနွယ်ကို ပြန်ပေးဦးမှပေါ့။ တောင်းမရလို့ လိုလို ဆုံးသလိုလို ဝေ့လည်လည်ပြောတာချည်းပဲ။ ခုလည်း ပေးလိုက်။ ရမှာ မဟုတ် ဘူး။ အဲဒီပိုက်ဆံတွေကို ပြုံးနွယ် ဖွတ်အစမ္မမတောင်းပါဘူး။ ခု ဒီရခိုင်လုံချည် အဆင်က ပြုံးနွယ်ရတာမှ အထည် သုံးဆယ်ခြောက်ထည်။ အဝယ်လိုက်လို့ ရောင်းရမယ့်ဟာ အထည်နှစ်ဆယ် ပေးရမယ်ဆိုတော့ ဘယ်လာဖြစ်မလဲ။ ဒါတောင် မောင့် အကြား။ ငါးထည် ယူသွားပြောတာ အမြင်ပဲ။ ပေးလည်း ဆုံးဦးမှာပဲ။ အလကားရတာတောင် အထည်နှစ်ဆယ်စလုံး မရလို့ စိတ်ခုသွား တာ။ ခုလည်း ခု" ဟု ဒေါသဖြင့် ပြော၏။

သူ့ရှေ့တွင် ဖြစ်၍ ဇာတ်စုံသိသောကြောင့် ပြုံးနွယ်ကဲ့သို့ ဒေါပွသည်။ သို့သော် စိတ်ပြေမည့်စကား ပြောရသည်။

"ဆွေမျိုးသားချင်းဆိုတာ သူ့ဘက် ကိုယ့်ဘက် သည်းညည်းခံရမှာပေါ့"

"သည်းညည်းခံပါတယ်။ ခုဟာက ကြာရင် တစ်ဆိုင်လုံး သူ့လက်ကိုထိုးအပ် မှ ကျေနပ်မယ့်ပုံမျိုးဖြစ်နေတယ် မောင်"

"ကိုယ်တို့ အိမ်ထောင်စကျကတည်းက ဦးစီးဦးရွက် ပြောဆိုဆုံးမတဲ့သူက

mgyoe.com

အဒေါ်သိန်းဦးနဲ့ အစ်မ မလှမြိုင်တို့ မဟုတ်လား။ ဒီတော့... တခြားဆွေမျိုး ထက်ပိုပြီး ဦးစားပေးစရာရှိ ပေးရမယ်လေ"

ပြုံးနွယ် စကားတံ့သွားသည်။ ထိုနောက်၊ ဝတ္တရားကျေနိုင်တာထက် ပိုကျေတာကို ရလေလိုလေ အိုတစ္ဆေဆိုရင် ဘယ်လာ ပြုံးနွယ် သည်းခံနိုင်ပါ့မလဲဟု ပြော၏။ ထိုစကား စကို ဈေးမှအပြန်တွင် ပြန်လည်စလေသည်။

"ပြုံးနွယ်တို့ တူဝရီးကြားမှာ ပြောရတာမို့ ခပ်ခက်ခက်ပါပဲ"

"ပြုံးနွယ် ဘာမဆို သူ့ကို ကူညီပါတယ်။ သူဝတ်တဲ့ အဝတ်အစားဆိုရင် ဝယ် ဝတ်မရပါဘူး။ အရင်ကကော ဟိုတုန်းကကော အခုကော ဒီအတိုင်းပဲ"

ဟင်းရွက်စည်းကို သူ လှမ်းယူသည်။ နေပစေ မောင်ဟု ပြောသည်။ သူယူသော အခါ ပြုံးသည်။

"လူတွေက တစ်မျိုးပဲ၊ ခက်တယ်မောင်။ စေတနာကို အလွဲသုံးစား လုပ်ချင် ကြတယ်။ သည်းခံပါများတော့ ရောင့်တက်တယ်။ ကြက်ခေါင်း ဆိတ်မခံနေ တော့လဲ အတင်းပြောခံရတယ်"

"ပြုံးနွယ့်အမျိုးပဲ"

ပြုံးနွယ် ဟင်းခနဲ တစ်ချက် ရယ်၏။ စိတ်ကုန်တယ်ဟု ညည်းပြော ပြော သည်။ ကုက္ကိုပင်တန်းများ အောက်မှ လျှောက်လာခိုက်တွင် လေပြင်းတစ်ချက် ဝေ့ပွတ် သွား၏။ ဒေါ်သိန်းဦးသည် သူတို့လက်ထပ်ပြီးနောက် နေ့ဆက်ရက်ခြား ဆိုသလို အိမ် သို့အလည်လာ၏။ ထမင်းစားသောက်ပြီးမှ အိမ်ပြန်တတ်သည်။ ဆိုင်ပြန်ထွက်သော အခါ ဆိုင်သို့ နေ့စဉ်လာတတ်သည်။ ထို့နောက် အလာကျဲသွား၏။ သတိရ၍ ပြုံးနွယ်ကို မေးမည် စိတ်ကူးသေး၏။

"မောင်က အကြောင်းမသိရင် ပြုံးနွယ် အဆိုးထင်မှာ"

"မထင်ပါဘူးဗျာ"

"သူ့အမျိုးတောင် ဒီလိုဘုဆတ်ဆတ်ဆိုရင် ငါ့အမျိုးဆို ဘူဒိုဇာနဲ့ ကော်ထုတ် ပစ်မှာပဲလို့ တွေးမိမှာ ကြောက်ရသေးတယ်"

"မဆိုင်ပါဘူးကွာ။ မင်းခေါ်လို့ လှည့်မကြည့်တာနဲ့ အဒေါ့်ကို ကိုယ်ခေါ်မယ် စိတ်ကူးသေးတယ်။ အသာလေး လျှို့နေတာပဲ ကောင်းတယ် သဘောနဲ့ ငြိမ်နေ လိုက်တာ"

တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်ကြသည်။ သစ်ရွက်လှုပ်သံတွေ

mgyoe.com

 mgyoe.com


မြည်သံကျယ်လာ၏။ မိုးရည်ငွေ့သည် သိသာစွာ ရောက်လာ၏။ မိုးပေါက်ပြောက်ကြား တစ်စက်တလေ ကျလာ၏။ သဲမြေ မျက်နှာပြင်တွင် မိုးစက်ကျရာ ထင်လေသည်။

"အိမ်ရောက်ခါနီးမှ မိုးက ရွာတော့မယ်"

ပြုံးနွယ် ကြိမ်ခြင်းထဲမှ ခေါက်ထီးကို သူ ယူသည်။

"မိုးက ရွာမယ့်ရွာရင် သည်းသည်းရွာဖို့ကောင်းတယ်"

"ထီးတစ်လက်နဲ့ ရွဲကုန်မှာပေါ့"

"မိုးရေထဲမှာ အဲသလိုပြန်ချင်လို့"

သူ့ကို ပြုံးလေ၏။

"ဒါဖြင့် ထီးမဖွင့်နဲ့။ ပြုံးနွယ်ပါ မိုးရေထဲမှာ လျှောက်မယ်"

"ထီးတော့ ဖွင့်ဆောင်းဦးမှ။ မိုးပက်တာပြက်ပေစေလေ"

"မောင်ပဲ ဆောင်း"

"ဘယ်ဟုတ်မလဲ။ ပြုံးနွယ်ပါ ဆောင်းမှပေါ့"

"ထီးလေးက ဘယ်လုံပါ့မလဲ"

"မလုံတော့မှ ပိုပြီး ကောင်းတယ်လေ"

"မောင် သိပ်ကဗျာဆန်တယ်နော်"

သူ ရယ်လိုက်သည်။ မိုးဖွဲတွေ အကျစိပ်လာ၏။ ကတ္တရာလမ်းအတိုင်း မြောက်ဘက်သို့ရွာချလာသော မိုးစက်တွေကို လှမ်းမြင်ရသည်။ ဖြူဖွေးထူထပ်သော မိုးပေါက်ကန့်လန့်ကာလွင့်လာသည်နှင့် တူလေ၏။

"မောင် ထီးဖွင့်တော့လေ"

ပြုံးနွယ် ပခုံးပေါ်မှ မိုးစက်သည် လက်မောင်းပေါ်မှ လိမ့်ဆင်းသွား၏။ ထီးဖွင့်ပြီး ပြုံးနွယ်ဘေးတွင် ကပ်ကာ လျှောက်သည်။ မိုးပေါက်ကျသဖြင့် သဲဖုန်တွေ ခုန်ကာလွင့်ကာ ရှိ၏။ ခြေခုံသို့ သဲစပ်စပ် ရေစပ်စပ် အစအနတွေလာ၍ စင်၏။ သည်းသောမိုးသည် လေရှိန်ဖြင့် ပြေးကာရောက်လာလေ၏။ စောစောကထက် လင်းလာ၏။ မိုးဖြူ၏အရောင်အဝါသည် လှပလျက် ရှိသည်။

"လေက နည်းနည်းပြင်းတယ်။ ဓာတ်ကြိုးတွေအောက်က လျှောက်ရတာ မကောင်းဘူး။ သစ်ကိုင်း ကျိုးကျရင် ဓာတ်ကြိုးပြတ်ကျမှာ စိုးရတယ်။ တစ်ဖက်လမ်းကို ကူးရန်အောင်"

ကား၊ ဆိုက်ကားအသွားအလာ ရှင်းမရှင်း ကြည့်သည်။ ရှင်းနေ၍ တယ်လီ

mgyoe.com

mgyoe.com

ဖုန်းတိုင်တွေရှိရာ ကတ္တရာ တစ်ဖက်လမ်းသို့ ကူးသည်။ ဒူးအောက်တွင် မိုးရေရွဲချေပြီ။

"မိုးတွင်းမှာ မီးကြိုးပြတ်မှာစိုးလို့ သစ်ပင်တွေခုတ်၊ တချို့ကိုလှဲ။ မြို့မှာလည်း သစ်ပင်ကို မီးကြိုးရောက်ရာတိုင်း ဖယ်ရှားနေရတယ်။ သစ်ပင်နည်းလာတော့ နွေမှာ တအားပူ။ မလွယ်ပါဘူး။ မီးစက်ပေါ်ကာစက ရှေးဟောင်း ကြိုးသွယ်တဲ့ အဆင့်ပဲ"

"ပိုက်ဆံက စကားပြောတာကိုး မောင်ရဲ့"

အေးမြသော လေသည် ရေမှုန်တွေနှင့်တကွ လှမ်းပက်လျက် ရှိသည်။

"ငွေမရှိ ရွှေမရှိရင် လောကမှာ အလကားပါပဲ"

သူ့စကားကြောင့် ပြုံးနွယ် လှည့်ကြည့်သည်။ ပခုံးကို ပြုံးနွယ့်ပါးက ထိပွတ်သွား၏။

"စိတ်ကောင်း၊ စေတနာကောင်း၊ အကြံဉာဏ် ကိုယ်ကျင့်တရားမပါဘူးလား မောင်"

"အဲဒီအပိုင်းကို မောင်ပြောတာမဟုတ်ဘူး။ ပစ္စည်း ပစ္စယ ရုပ်ဝတ္ထုတွေနဲ့ ပတ်သက်တာကိုပဲ မောင် ပြောတာ"

ကိုယ်ဟူသော အသုံးအနှုန်းနေရာတွင် မောင်ဟု အစားထိုးပြောလာသည်ကို ပြုံးနွယ် သတိပြုမိသည်။

"မွဲနေတတ်နေတဲ့ တိုင်းပြည်မှာ ရွှေနဲ့ငွေနဲ့ကပဲ အစားအသောက် ပစ္စည်းပစ္စယကို ဖန်တီးလို့ရမယ်"

"ရွှေတွေ ငွေတွေ ရအောင်ကကော"

"ဈေးကောင်းကောင်း ရောင်းတတ်ရင် ရပါတယ်"

"ရောင်းစရာပစ္စည်းတွေကိုလည်း မောင် ပြောဦးလေ"

"ဥယျာဉ်ခြံထွက် အသီးအနှံကို အရင်းစိုက်ရတာ ပြီးမှ ခူးခတ်ပြီးရောင်း။ ရောင်းရင် ပိုက်ဆံရမယ်။ ဂဝံကျောက်ကို မြေကြီးထဲက တူးယူ။ ပြီးတော့ ရောင်း။ ငွေရရင် ရွှေလည်းရတယ်။ အလုပ်မလုပ်ပဲနဲ့ ပိုက်ဆံမရှိတာ ထိုင်ညည်း နေရင် ဘယ်ဟုတ်မလဲ။ လက်ညီရင် ပိုက်ဆံရစရာတွေ အများကြီးပါ"

ကတ္တရာနှင့် မြေစပ်တွင် ရေအိုင်လေးတွေ ဖြစ်လာ၏။

"တစ်ဦးတစ်ယောက်ချင်းလဲ ဒီသဘောပဲပေါ့"

သူ့စကားအဆုံးတွင်

mgyoe.com

mgyoe.com

"ပြုံးနွယ်တို့နှစ်ယောက်က တက်ညီလက်ညီပါပဲ။ ဟုတ်တယ် မဟုတ်လား။ အလုပ်ကြိုးစားပြီး လုပ်ကြတာပဲ။ ရှေ့လျှောက်နှစ်ယောက်ထဲကနေ သုံးယောက် လေးယောက်တိုးလာရင် ခုထက် စီးပွားရှာရဦးမယ်"

ကြည်နူးတက်ကြွစွာ ပြောသည်။ သပြုံး၏။

"နောက်တစ်နှစ် နှစ်နှစ်လောက် နေရင်တော့ မောင်လည်း ကလေးချီချင်လာမှာပါ။ အခုတော့ လူပျိုလုပ်ချင်နေသေးတာကိုး"

ကျီစယ်သော ထေ့သံဖြင့် ပြုံးနွယ် ပြောသည်။ သူ ခပ်တိုးတိုးရယ်သည်။ ထီးကို ပြုံးနွယ်ဘက်သို့ ငိုက်ပေးလိုက်၏။ ညာပခုံးတွင် မိုးရေဆွတ်လျက် ရှိပေပြီ။ ပြုံးနွယ် လက်ထဲမှ ဘုရားတင်ရန် ဒေစီပန်းပွင့်တို့သည် မိုးရေထိသဖြင့် အရောင်စိုကာ လန်းလျက်။

* * *

မိုးသံကို ခပ်အုပ်အုပ်မျှသာ ကြားရသည်။

"ဒီမှာ ကြည့်လေ"

သတင်းစာ တစ်မျက်နှာမျှရှိသော ဓာတ်ပုံစာအုပ်ကိုဖွင့်ကာ ပြ၏။ ခုတင်ပေါ်တွင် အညောင်းဆန့်နေရာမှ သူထကာ စားပွဲဆီသို့သွား၏။ စာကြည့် မီးချောင်းအရောင် အောက်တွင် ပုံကြီးချဲ့ထားသော ဓာတ်ပုံ။ အသက်သုံးဆယ်သာသာ ဇနီးမောင်နှံသည် ရပ်လျက်ရှိ၏။ အမျိုးသားက လသမီးအရွယ်ကလေးကို ချီထား၏။ ပြုံးနွယ်၏ပုံဟု ပြောသည်။

ရှေ့တွင် ရပ်နေသော မိန်းကလေးမှာ ဆယ့်သုံးလေးနှစ်အရွယ်။ ဂါဝန်ရှည် ဝတ်ထား၏။ ဇနီးမောင်နှံ၏ဘေးတွင် လေးဆယ်ကျော် အမျိုးသမီးကြီးတစ်ဦး။ ပြုံးနွယ်၏ဖခင်ဘေးတွင် အသက်နှစ်ဆယ်သာသာ လူငယ်တစ်ဦး။ ပြုံးနွယ်က ဓာတ်ပုံကို သူ့ဘက်သို့ အလိုက်သင့်ချကာ အဖေနဲ့အမေက ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတာဟု ပြောသည်။ အစ်မက ပြုံးနွယ်ကို ပြုစုခဲ့တာပဲ။ တက္ကသိုလ် ပထမနှစ်မှာ အစ်မက ရင်ကင်ဆာနဲ့ ဆုံးတယ်။ အထည်ဆိုင်က အစ်မရဲ့ လက်ငုတ်လက်ရင်း။ ဒီအခြေအနေစီးပွားရေးကို အစ်မ တည်ဆောက်ပေးခဲ့တာ၊ အခု စီးနေတဲ့ဖီးယက်ကားလေးက အစ်မ ဝယ်ခဲ့တာပဲ မောင်ဟု ပြော၏။

မောင်... သူ့ကိုကြည့်ဟု ဖခင်ဘေးတွင် ရပ်နေသူကို လက်ညှိုးဖြင့် ပြ၏။ အစ်ကိုတစ်ဝမ်းကွဲ။ သူ့မှာ အရင်းလေးယောက်ရှိတယ်။ ဒါ အရပ်ဝတ်အရပ်စားနဲ့ပုံ။

mgyoe.com

mgyoe.com

မောင် အပြင်မှာ တွေ့ဖူးမှာပါဟုဆို၏။ သူမှန်းမရ။ ပြုံးနွယ်ပြောပြတော့မှ ရောနှော ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေမှန်းသိသည်။

"အစ်ကိုက သဘောကောင်းပါတယ်။ ယောက်ဖနဲ့ ယောက်မအာက်က ခပ်ထယ် ထယ်။ လမ်းပြတ်တာ ကြာပါပြီ။ တစ်ဝမ်းကွဲ ခုနစ်မိသားစုရှိတယ်။ သူက အမေ့ဘက်က။ အဖေ့ဘက်ကလည်း လေးငါးမိသားစု။ ဒါပေမယ့်... ပြုံးနွယ် ကလေးအရွယ်မှာ အစ်မ ရှန်းကန်ရချိန်က သူတို့ကို အစ်မ စိတ်နာခဲ့တယ်။ သတိတရ အလည်သွားတာကိုပဲ မရှိတောင်းနိုး အထင်ခံရလို့ လမ်းဖြတ်ခဲ့ တယ်။ ပြုံးနွယ်လည်း ဒီအတိုင်းပဲ။ မင်္ဂလာဆောင်တုန်းက လာတဲ့ ဘကြီး မိသားစု၊ ကြီးတော်မိသားစုနဲ့ အစ်ကိုမိသားစု သုံးစုကိုပဲ ပြုံးနွယ် အသိအမှတ်ပြု တော့တယ်" ဟု တစ်ခွန်းချင်း ပြောသည်။

ပြုံးနွယ် မာနကို သတိပြုမိလိုက်၏။

"အစ်မ ပြောဖူးတယ်။ သူ့ကိုယ်သူ မိုးကျရွှေကိုယ်လိုလို ဝါးပင်သစ်ပင်က သန္ဓေယူပြီး မွေးလာသူလိုလို သဘောထားတယ်တဲ့။ အေးရောတဲ့။ သူ့စိတ်လို တစ်ခါတလေ ဖြစ်နေတာပဲ။ မောင် ပြုံးနွယ် မာနဘယ်လောက်ကြီးတယ်ဆိုတာ ရိပ်မိမှာပါ။ သူများအပေါ်မှာသာ မာနရှိတာပါ။ မောင့်အပေါ်မှာတော့ အမြင်ပဲ၊ ပြုံးနွယ်ကို စပ်ကြ ဟပ်ကြ ကမ်းလှမ်းကြတာတွေ မနည်းပါဘူး။ အထင်မကြီး စိတ်မဝင်စားလို့ ခေါင်းချည်း ခါပစ်လိုက်တာပဲ။ ကြီးကြီး ဒေါ်ခင်နှစ်တို့ ပြောပြော နေတာ မောင် ကြားသားပဲ"

သူ ပြုံး၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

ရယ်သံလွင်လွင်ဖြင့် သူ့ကိုကြည့်သည်။

"ပြုံးနွယ် ဘာလို့ခေါင်းခါခဲ့တာလဲ"

"ယူရလောက်အောင် အထင်ကြီးတဲ့သူ မတွေ့ခဲ့လို့ပေါ့"

"မောင့်မှာ ဘာအထင်ကြီးစရာများ၊ ရှိလို့လဲ။ ပြောစမ်းပါဦး"

"ပြုံးနွယ်ကို တကယ်ချစ်တဲ့သူလို့ ယူဆခဲ့တယ်လေ။ အဲဒါဟာ ပြုံးနွယ် အထင် ကြီးစရာပေါ့ မောင်ရ"

အဓိပ္ပာယ် ပြန်ရန်ခက်သော စကားကိုကြားရသကဲ့သို့ ရှိလေ၏။ ပြုံးနွယ် စကားဆက်သည်။

mgyoe.com

mgyoe.com

"တော်တော်များများက ပြုံးနွယ်ကို စကားကမ်းလှမ်းတာ ရှိးမှ မရှိးသားပဲ။ မိဘ ညီအစ်ကို မောင်နှမ မရှိတဲ့သူလည်း ဖြစ်နေတယ်။ ပြီးတော့... ကြွားတာ မဟုတ်ဘူးနော် မောင်။ အိုးလေး အိမ်လေး ဆိုင်ကန္နားလေး အသင့်ရှိနေတော့ မင်းစိန် မင်းသိန်သိုက်ကမှ ညီအစ်မ အမွေခွဲနေရဦးမယ် မဟုတ်လား။ ဒီတော့ တစ်ဆင့်စပ်ဟပ်တာ မှန်သမျှ ခေါင်းခါပစ်တာပေါ့။ ကိုယ့်အိမ်ထောင်ဘက်ကို သူတစ်ပါးက ရွေးပေးတယ်ဆိုတာ ဒီခေတ်မှာတော့ အတော်သဘာဝမကျတာ ပဲ"

"ဒါကြောင့် ကိုယ်ကိုယ်တိုင်ပဲ ရှာမယ် စိတ်ပိုင်းဖြတ်ခဲ့တယ်ပေါ့"

"မောင် သိသားပဲ"

ပြောပြီးနောက် ရယ်နေ၏။ ဓာတ်ပုံစာအုပ် တစ်ရွက်ကို လှန်လိုက်သည်။ ပြုံးနွယ်တို့ ညီအစ်မနှစ်ယောက် ဓာတ်ပုံ။ ကျိုက်ထီးရိုးဘုရားနောက်ခံ၊ ရွှေစက်တော် ဘုရားနောက်ခံ၊ အာနန္ဒာဘုရားနောက်ခံ။ ကျိုက္ခမီလား မောင်းမကန်လားမသိသော သောင်ပြင်ပေါ်တွင် ညီအစ်မရပ်နေပုံ။ တက္ကသိုလ်ပရိဝုဏ် နောက်ခံထားသော ပြုံးနွယ် ဓာတ်ပုံတွေ။ သုံးပုံနှစ်ပုံလွန်သော် မင်္ဂလာဆည့်ခံ အခမ်းအနား ဓာတ်ပုံတွေ။

"မောင့်ပုံတွေ မောင်ကြည့်ပါဦး။ တစ်ဝက်တစ်ပြက် ပြုံးနေတဲ့ပုံတွေချည်းပဲ"

သူပြုံးသည်။ သူ့ကိုကြည့်ကာ...

"အခုလို ပြုံးတဲ့ပုံ တစ်ပုံမှ မရှိဘူး"

"ဒါဖြင့် ပြန်ပြီး မင်္ဂလာဆောင်။ ပြုံးခိုင်းတဲ့ စံချိန်ကိုက်အပြုံးနဲ့ ပြုံးပေးမယ်လေ"

"ဩော်..."

မဲ့ပြုံးဖြင့်မော့ကြည့်၏။ စိတ်ချမ်းသာမှုပြည့်စုံသော အကြည့်။ ဝမ်းမြောက်သော မျက်လုံး အစုံသည် မျက်တောင်မခတ်။ ဖြူနုသော မျက်နှာတွင် မီးချောင်း၏ အလင်းရောင်က နီးကပ်စွာ ကျနေ၏။ မျက်ခွံမို့မို့တွင် သနပ်ခါးစတွေ ထင်လျက်ရှိသည်။

မျက်လုံး၊ မျက်ခုံး၊ နှာတံတွေ တစ်ခုချင်းမှာ လှသည်ဟု ပြောရန်မလွယ်။ နှုတ်ခမ်း၊ မေးနှင့်·လည်တိုင်တို့သည် သာမန်မျှသာ။ အားလုံးကို တပေါင်းတမြင်တည်း မြင်ရသော အခါ အဆင်ပြေသည့် ကြန်အင်လက္ခဏာများဖြစ်နေသည်။ တည်ကြည်သော မျက်နှာမှာ အဟာန့်ရှိနေ၏။

အရယ်အပြုံးမရှိသောအခါတွင် ကြီးသော ဣန္ဒြေကြောင့် တင်းမာသည်ဟု ထင်

mgyoe.com

mgyoe.com


စရာရှိ၏။ ဈေးဝယ်သူနှင့် စကားပြောသောအခါ ချိုလွန်းသဖြင့် ကလက်သည်ဟု မထင်အောင် ဆက်ဆံသည်။ ပျူငှာသော်လည်း အောက်အောက်ကျို့ကျို့မဟုတ်။ စကားချိုသည်။ မျက်နှာအထားတတ်သည်။ လူမှု ဆက်ဆံရေးတွင် ကျွမ်းသူဟု မြင်စကပင် နားလည်ခဲ့သည်။

"မောင့်စိတ်ထဲ တစ်မျိုးဖြစ်မှာစိုးလို့၊ ပြောစရာရှိတယ်"

"ပြောလေ"

ပါးချိုင့်နှင့် ဖြူသော အသားအရည်သည် ပြုံးနွယ်၏ဂုဏ်ပင်ဖြစ်မည် ထင်၏။

"လက်ထပ်လိုက်ရတဲ့နေ့က မောင်အထင်သေးမှာလဲ စိုးလိုက်တာ တအားပဲ"

သူ နားမလည်။

"ဘာဖြစ်လို့လဲ"

"နေတာက ပြုံးနွယ်တစ်ယောက်တည်း။ မောင်လိုက်လာတာကိုလည်း မလိုက်နဲ့ မပြောရက်ဘူး။ ပြီးတော့... မောင် သိပါတယ်။ အထင်သေးမှာစိုးပြီး မောင့်ကို အတင်းဆန့်ကျင်လိုက်ရင် မောင်တစ်မျိုး စိတ်ညစ်သွားမှာလဲစိုး။ အို... စိတ်ထဲ ဘာဆုံးဖြတ်ရမှန်း မသိဘူး။ တစ်သက်လုံးထိန်းလာတဲ့ ကိုယ်ကျင့်တရားနဲ့ အချစ်ကို အထင်သေးပြီး လျှော့တွက်သွားမှာလည်း စိုးရိမ်တယ်။ ရင်ထဲဘယ်လိုဖြစ်မယ်ဆိုတာ သိလောက်ပါတယ်နော် မောင်"

သူ ခေါင်းညိတ်သည် မိန်းမသားတစ်ယောက်၏ စောင့်စည်းမှုနှင့် ကျင့်ဝတ်ကို အကောက်အယူလွဲမှားစွာ တွက်ချက်ယူမည်စိုးဟန်တူ၏။

"မောင် နားလည်ပါတယ်။ မောင် ယုံကြည်ပြီးသားပါ။ နေရာတကာ ကြွေကျတတ်တဲ့ ပန်းမျိုးမဟုတ်ဘူးဆိုတာ သဘောပေါက်ပြီးသားပါ ပြုံးနွယ်ရယ်"

"ကျေးဇူးတင်ပါတယ် မောင်"

စိတ်နှလုံးရှင်းလင်းသွားပုံရ၏။ သက်ပြင်းပေ့ါပေ့ါ တစ်ချက်ချသည်။

"နောက်ထပ် ဘာမှပြောစရာ ပြုံးနွယ့် ရင်ထဲမှာ မရှိတော့ပါဘူး"

"ရှိလည်း ပြောပါ။ နားထောင်ပေးပါ့မယ်"

"မောင်ကော ပြောစရာ မရှိဘူးလား၊ ပြောလေ"

"မရှိဘူး"

"ရှိမှာပါ။ ညာနေတာဖြစ်ပါလိမ့်မယ်"

သူတစ်ချက်ရယ်၏။

mgyoe.com

 oe.com


"ရှိမှ မရှိတာ"

"မယားနဲ့ဆိုတော့ လူပျိုမလုပ်ရတော့တာကို မကျေမနပ်ဖြစ်တဲ့စကားတော့ အနည်းဆုံးပြောချင်မှာပါ။ ဟုတ်တယ် မဟုတ်လား"

ပြိုင်တူလိုလို ရယ်ကြလေသည်။

❐

mgyoe.com

mgyoe.com

# [ ၅ ]

လစဉ်ဖတ်နေကျ မဂ္ဂဇင်းခြောက်စောင်ကို ဝယ်ပြီး လမ်းကူးလိုက်သည်။ မျဉ်းကြားတစ်ဖက်တွင် လမ်းကူးရန် စောင့်နေသူတစ်သိုက် ရပ်နေ၏။ မျက်လုံးသည် အဒေါ်ဒေါ်သိန်းဦးထံသို့ တည့်တည့်မတ်မတ် ရောက်သွား၏။ ဒေါ်သိန်းဦးသည် သူ့ကို မမြင်။ ယိုးဒယားဈေးခြင်းကို လက်တစ်ဖက်မှဆွဲကာ လက်တစ်ဖက်က ထီးကိုင်ထား၏။ မျက်နှာချင်းဆိုင် သူ ရပ်လိုက်မှ။

"ဟော... မောင်အောင်သစ်"

အံ့အားသင့်စွာ ဆို၏။

"အဒေါ်နဲ့မတွေ့တာတောင် ကြာလှပြီ။ အိမ်ဘက်ဆိုင်ဘက် လှည့်လာပါဦး"

မပီမသ ပြုံး၏။

"အလုပ်များနေတာနဲ့ ရောက်မလာတာကွယ့်"

စကားအဆုံးတွင် အဒေါ်တစ်ခုခု သောက်ပါလား။ လက်ဖက်ရည်ဖြစ်ဖြစ် အအေးဖြစ်ဖြစ်ဟု သူ ပြောသည်။ နေပါစေကွယ် မင်းလည်းသွားစရာ လာစရာရှိတာပဲဟု ပြန်ပြောသည်။ တခြားကိစ္စမရှိတော့ပါဘူး။ ဆိုင်ကိုသွားဖို့ပဲ ရှိတော့တယ်။ သောက်ရင် သောက်ပါဟု ပြောသည်။ အဒေါ် လက်ဖက်ရည်ပဲ သောက်မလားဟု တစ်ဆက်တည်း မေးသည်။ အဲဒါပဲ ကောင်းပါတယ်ဟု ဖြေ၏။ တစ်လမ်းကျော် အရှေ့ဘက်ရှိ သုဝဏ္ဏာဘုမ္မိ တီးဟောက်စ်ကို သူလက်ညှိုးထိုးပြကာ ဟိုဆိုင်က မဆိုးပါဘူးဟု ပြောသည်။

"ပြုံးနွယ်ကော နေထိုင်ကောင်းရဲ့ မဟုတ်လား"

mgyoe.com

 mgyoe.com 

လက်ဖက်ရည်ဆိုင်သို့ လျှောက်ရင်း မေးသည်။ ဟုတ်ကဲ့ဟု ဖြေအပြီးတွင်

"ကလေး သားမြေးကော ရကြပြီလား"

မရသေးပါဘူးဟု သူ ဖြေသည်။ အစ်မ မလှမြိုင်ကတော့ ကျွန်တော်တို့ဆီ အသွားအလာ ဖြတ်ထားသလိုဖြစ်နေပြီဟု ပြော၏။ သူ့ယောကျ်ားက အညာကို ပြောင်းလို့ တမိသားစုလုံး ပြောင်းသွားပြီဟု ပြော၏။ ကျွန်တော်တို့ကိုတောင် လာမပြောဘူးဗျာဟု ပြောလိုက်၏။ ဒေါ်သိန်းဦးက ပြုံးရုံသာ ပြုံးနေ၏။ ဆိုင်တွင်းထောင့် စားပွဲတွင် သွားထိုင်ကြ၏။ လက်ဖက်ရည် နှစ်ခွက်မှာပြီးချိန်တွင်

"မင့်မိန်းမက အဒေါ့်ကို အထင်မှားနေလို့ အဒေါ် မလာတာကွယ့်"

အထည်ကိစ္စစကားကို သတိရသည်။

"အဒေါ့်ကို သူ နားလည်ပါတယ်။ အခြေအနေအရမို့လို့ဆိုတာ သူ သဘောပေါက်ပါတယ်"

"တောင်းမရတာရယ် လုံးဝကြွေးဆုံးတာရယ်ကို ပြုံးနွယ်က ယုံချင်မှယုံမှာ။ သူ့ဘက်ကကြည့်တော့လည်း ရှေးကဟာတွေ ငွေပြန်မရပဲနဲ့ နောက်ကချည်း ထပ်ကာ ထပ်ကာ ပေးနေရတယ်ဆိုတာ ဘယ်ဟုတ်မလဲ။ မဟုတ်ဘူးလား။ ပြီးတော့... အခွင့်အရေး ယူလွန်းတယ် ထင်ချင်လည်း ထင်မှာကွယ့်"

ပြေရာ ပြေကြောင်း စကားတွေဖြင့် စိတ်အခုပြေအောင် ကြိုးစားမည် စိတ်ကူးသည်။ လက်ဖက်ရည်ရောက်လာချိန်တွင် အဲဒါတွေ ခေါင်းထဲထည့်မထားပါနဲ့အဒေါ်ရယ်။ ပြုံးနွယ်အနေနဲ့ကလည်း မရရင် မဖြစ်ဖူးရယ် မဟုတ်ပါဘူး။ အဒေါ်ခါတိုင်းလို သွားမြဲတိုင်းသွား လာမြဲတိုင်း မလာတာကို ကျွန်တော်က စိတ်တောင်မကောင်းဘူး။ အရင်က ဘာမှမဖြစ်ကြဘူး။ ကျွန်တော်နဲ့ အိမ်ထောင်ကျပြီးကာမှ ကျွန်တော်ပြောလို့ဆိုလို့ ငွေစကား ကြွေးစကား ပြောတယ်လည်း အဖြစ်မခံချင်ဘူးလေ။ တစိမ်းဖက်လာတာ မှန်ပေမယ့် ကျွန်တော် ဘာတစ်ခွန်းမှမပြောဘူး။ စိတ်ချဟု ပြော၏။

ဒေါ်သိန်းဦးသည် ပန်းကန်ပြားထဲသို့ ငှဲ့ထည့်ပြီး မှုတ်သောက်သည်။ နောက်တစ်ပန်းကန်ပြား ငှဲ့ပြီး အအေးခံထားသည်။

"တကယ်တော့ ပြုံးနွယ်နဲ့ အဒေါ်နဲ့ ဘာမှမတော်ဘူး မောင်အောင်သစ်"

"ခင်ဗျာ..."

အံ့အားလွန်းစွာ ခင်ဗျာသည်။ ဒေါ်သိန်းဦးသည် နေကာမျက်မှန်တွင်းမှ သူ့မျက်လုံးကို စူးစိုက်ကာ တစ်ချက်ကြည့်၏။ ထို့နောက်–

mgyoe.com

mgyoe.com

"သူအစ်မ လက်ထက်ကတည်းက အဒေါ်နဲ့ ဆက်ဆံလာကြတာပါ။ အဲဒီတုန်းက သူ လေးငါးခြောက်တန်းလား ရှိသေးတာ။ ဒါပေမယ့်... တူဝရီးအရင်းလိုပါပဲ"

"ဪ..."

သူ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"မင်းနဲ့ သူ့ကိစ္စကို ပြောပြ တိုင်ပင်တုန်းကလည်း သားသမီးအရင်းအချာလို အဒေါ် သဘောထားပြီး ဦးဆောင်ဦးရွက်လုပ်ခဲ့တာပဲ"

"ဟုတ်ပါတယ် အဒေါ်"

"အမှန်က မင်းတို့နှစ်ယောက်နဲ့အဒေါ်တို့ ပက်ပင်းတွေ့တဲ့နေ့က ဘယ်လို ဘယ်ပုံဆိုတာ တိုင်ပင်ဖို့ သူခေါ်ထားလို့လာတာ"

သူ ရှက်တက်တက် ဖြစ်သွား၏။ မျက်နှာမှာ နီမြန်းမြန်းဖြစ်လာသည်။ အရှက်ထက် ပိုမို စိတ်ဝင်စားဖွယ်ကောင်းသော စကားကြောင့် မျက်နှာတူရူနေရသည်။

"တန်းတွေ့တော့ မီးစင်ကြည့်ပြီး ကလိုက်ကြရတယ်ဆိုပါတော့..."

နားမလည်။ ခေတ္တတွေနေပြီးမှ...

"ကျွန်တော် ကောင်းကောင်း နားမရှင်းချင်ဘူး အဒေါ်"

ပန်းကန်ပြားထဲရှိ လက်ဖက်ရည်ကို သောက်ပြီး အကြမ်းငှဲ့ထည့်သည်။ ပန်းကန်ပြားကို ကျင်းရင်း

"မင်းနဲ့ သူ့အခြေအနေက သွားကြ လာကြ၊ ပွဲလမ်းသဘင်ရုပ်ရှင်အတူသာ ကြည့်ကြတာ။ ပါးစပ်က တစ်ယောက်ကို တစ်ယောက် ဘာမှမပြောကြသေးဘူး မဟုတ်လား"

သူ ခေါင်းညိတ်သည်။ ပြုံးနွယ် ပြောထားသော အခြေအနေအမှန်များ။

"မင်းကို သူ တော်တော် စွဲစွဲလမ်းလမ်း ဖြစ်နေတယ်လေ။ လက်လွှတ်လိုက်ရမှာ စိုးလို့ အဒေါ်တို့နဲ့ တိုင်ပင်တယ်။ မင်း လူကြီးသူကြီးကိုပဲ အဒေါ်တို့ သွားပြော ရမလား။ ဘယ်လိုလုပ်ရမလဲ။ အမျိုးမျိုး သူစိတ်ကူးတယ်။ မင်းတို့အိမ်မှာ ရှိနေတာရယ် အဒေါ်တို့လာတာရယ်သွားဆုံတော့ အဒေါ်က မိန်းမကြမ်းဆန်ဆန် ကောက်ကက်ပြီး စီစဉ်လိုက်ရတာပေါ့..."

"အဓိပ္ပာယ်က ဘာလဲ အဒေါ်"

"မင်းကို အမိအရ ဖမ်းလိုက်ရတာပဲ"

ခါးသက်စွာ နားထဲသို့ ဝင်လာ၏။

mgyoe.com

 yoe.com 

"ဖမ်းရအောင် သူ ဘာဖြစ်နေလို့လဲ"

ခေါင်းခါကာ...

"ဘာမှမဖြစ်ဘူး။ အဒေါ်တို့သိသလောက်တော့ မင်းဟာ သူ့ရည်းစားဦးပဲ။ မင်းကို လွတ်သွားမှာ၊ သူတော်တော် မေတ္တာရှိတာတော့ အမှန်ပဲကွယ့်။ မင်းကို သူက ရည်းစားစကား စပြောဖို့လည်းခက်၊ မင်းကလည်း မပြော။ အဒေါ်တို့ဆီက အကြံဉာဏ်ယူဖို့ မှာလို့လာတဲ့နေ့ အမှတ်တမဲ့ဆုံသွားတယ်။ ဒီအတွက် သူ အဒေါ့်ကိုရော မလှမြိုင်ကိုရော သိပ်ကျေးဇူးတင်တယ်။ အဲဒါကြောင့် အဲဒါကို အမှီပြုပြီး အဒေါ် အခွင့်အရေးယူတယ်လို့ မဖြစ်ချင်ဘူး"

သူ ခေါင်းညိတ်သည်။

"အမ မလှမြိုင်ကကော"

"သူနဲ့လည်း ဘာမှ မတော်ပါဘူးကွယ်"

ပြုံးနွယ်အကြောင်းကို မေးမြန်းစရာ မလိုတော့။ သို့သော်... ဖမ်းဟူသော စကားလုံးသည် ရင်ထဲတွင် နာကျင်စွာ ပြေးလွှားလျက် ရှိ၏။

"အဲဒီနေ့က ချက်ချင်းလက်ထပ်ဖို့ အစီအစဉ်ကရော ပြုံးနွယ် အစီအစဉ်လား အဒေါ်"

"သူ့ကို ထမင်းစားခန်းထဲ ခေါ်သွားပြီး အဒေါ် စကားပြော မှတ်မိလား"

သူ ခေါင်းညိတ်၏။

"သူ့ကို မေးတယ်။ ဘာလုပ်ပေးရမလဲဆိုတော့ ဒီညပဲ လက်ထပ်ဖြစ်အောင် စီစဉ်ပေးပါဆိုတာနဲ့ အဒေါ် စီစဉ်ပေးလိုက်တာပဲ"

ပြုံးနွယ် စိတ်ကူးဟု သိလိုက်ရ၍ စိတ်မှာ ထစ်ငေါ့လာသည်။

"ဒီတစ်သက်မှာ အဲဒီအကြောင်း မင်းမသိစေချင်တာအမှန်ပဲ။ အဒေါ့်ကိုရော၊ မလှမြိုင်ကိုရော စကားပိတ်ထားတယ်၊ ကတိတောင်းတယ်"

ကတိပေးခဲ့သလား အမေးကို မေးရန် မလိုအပ်တော့ဟု ထင်၏။ ထိုကတိကို ဒေါ်သိန်းဦး ဖောက်ဖျက်နေပြီဟု သိသည်။ ဆိုင်အမှုထမ်းကို လှမ်းခေါ်ကာ ငွေရှင်းနေစဉ် ဒေါ်သိန်းဦးသည် ဆိုင်ရှေ့ဘက်ရှိ တစ်စုံတစ်ယောက်ကို လှမ်းပြုံးကာ နှုတ်ဆက်၏။ သူ လှည့်ကြည့်သည်။

ရုံးရှေ့လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးငွေရ။ နို့ဆီလုပ်ငန်း တိုးချဲ့လုပ်နေသည်ဟုသာ သိသည်။ ရန်ကုန်မြို့တွင်း ဆိုင်များသို့ နို့ဆီ လျှောက်သွင်းသည်ကို မသိမမြင်

mgyoe.com

ရသေး။ ယခုမှ ကြုံသည်။ ကိုအောင်သစ်ပါလားဟု ပြော၏။ ဦးငွေရ လက်ဖက်ရည် သောက်ပါဦးဟု သူ လှမ်းပြောသည်။ ကျေးဇူးပဲ မသောက်တော့ဘူးဟု ပြော၏။

ဒေါ်သိန်းဦးသည် ဦးငွေရကို ဒေါ်ခင်နှစ်တစ်ယောက် နေထိုင်ကောင်းရဲ့လား ဟု လှမ်းမေး၏။ ဟုတ်ကဲ့ဟု လှမ်းဖြေပြီး လက်ဖက်ရည်ဆိုင်ရှင် တရုတ်အမျိုးသားကြီးနှင့် စကားပြော၏။ ဒေါ်သိန်းဦး၏ မျက်နှာသည် တစ်မျိုးဖြစ်နေသည်ဟု ထင်၏။ စိတ်ထဲ တွင် ရှုပ်ထွေးသွားသဖြင့် အထင်ရောက်ခြင်း ဖြစ်မည်ဟု တွေးကာ စားပွဲပေါ်၌ တင်ထား သော မဂ္ဂဇင်းကို ယူလိုက်၏။

နှလုံးကြည်လင်ခြင်း မရှိတော့။

* * *

ဝင်းတံခါးဝမီးလုံးကို ဖွင့်ထားသည်။ ဆင်ဝင်အောက်ရှိ မီးလုံးသည် လင်းလျက် ရှိ၏။ ဝင်းတံခါးရွက်နှစ်ခုကို စေ့ရုံသာ စေ့ထားသည်။ သံတံခါးအတွင်းရှိ သစ်သား တံခါးပိတ်မထားမှန်း မြင်သည်။ ဧည့်ခန်းမှာ မီးရောင်မရှိ။ တံခါးစေ့ပြီး ဂျက်ထိုးသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။ ပရစ်သံနှင့်အတူ သစ်ရွက်များ ပေါ်သို့ မိုးရေကျန် ကျသံ ဖောက်ဖောက် မြည်သံကြားရ၏။ စွတ်စိုသော မြေနှင့် မြက်ခင်းကို မြင်ရ၏။ ပန်းအိုးပန်းပင်တွေ ခရမ်းပြာ ချုံတွေမှာ ရေလိမ်းလျက် ရှိလေသည်။

ကိုးနာရီခွဲပြီးပြီ။ အိမ်ထဲမှာ ပြုံးနွယ် ရှိမှရှိပါ့မလား။ အိပ်နေပြီလား တွေး၏။ အိမ်ရှေ့ဓာတ်တိုင် မီးရောင်ဖြင့် ကားဂိုဒေါင်ကို မြင်သည်။ တံခါး သော့ခတ်ထားသည်။ ဧည့်ခန်းထဲသို့ စူးစူးစိုက်စိုက် ကြည့်၏။ ငါးတိုင်အား မီးရောင်ရှိနေသည်။ တံခါးဝသို့ လှမ်းကြည့်ကာ လူရိပ်မြင်သည်။ သော့တွဲမြည်သံနှင့်အတူ မီးချောင်း လင်းလာ၏။ ဆင်ဝင် အစပ်သို့ သူအရောက်တွင်

"မျှော်လိုက် ပူလိုက်ရတာ မောင်ရာ"

တစ်စုံတစ်ရာ ပြန်မပြော။ လှေကားထစ်ပေါ်သို့ အရောက်တွင် သော့ဖွင့်ပြီး တံခါးဆွဲဖွင့်ပေးသည်။ သူ့ကိုပြောသော ပြုံးနွယ်အသံမှာ တုန်တုန်ခါခါရှိနေသည်ဟု မှတ်မိ၏။ ဖိနပ်ချွတ်တွင် ဖိနပ်ချွတ်ရန် ခြေစုံအရပ်၌

"မောင် ဘယ်သွားနေလို့လဲဟင်။ ဦးလေးတို့အိမ်ကို ပြုံးနွယ်ဖုန်းဆက်ပြီး မေးသေး တယ်"

"သူငယ်ချင်းတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ စကားကောင်းနေလို့"

mgyoe.com

mgyoe.com

အိမ်မပေါ်သို့တက်ရင်း ဖြေလိုက်၏။ သော့ခတ်ပြီး သူ့နောက်သို့ မြန်မြန် လှမ်းလိုက်လာကာ

"ပြုံးနွယ် ဆိုင်သိမ်းပြီး ဈေးရုံပိတ်တဲ့အထိ နာရီဝက်လောက်စောင့်နေတယ်။ နောက်တော့ ရုံးကိုလိုက်တယ်။ ဦးငွေရတို့ဆိုင်လည်း ဝင်မေးတယ်။ ဆိုင်မှာ ဒေါ်ခင်နှစ်ပဲ ရှိတယ်။ သူကတော့ မပြန်သေးဘူးလားတဲ့။ အကျိုးအကြောင်း ပြောပြတော့ ကလေးမှ မဟုတ်ပဲ ဟယ်တဲ့။ မိတ်ဆွေအပေါင်းအသင်းနဲ့ တစ်နေရာရာ စကားကောင်းတာတို့ ရုပ်ရှင်ကြည့်တာတို့ကြောင့် နေမှာပေါ့ ဟဲ့တဲ့။ ပြုံးနွယ် ဘယ်လိုက်လို့ လိုက်ရမှန်းမသိလို့"

တံခါးဝနှင့် မလှမ်းမကမ်းတွင် ပတ်လက်ကုလားထိုင် ချထားသည်ကို တွေ့၏။

"စောစောလေးတုန်းကတော့ ခြံဝလမ်းလျှောက် ခြံထဲထိုင်ရင်း စောင့်နေတာ။ ခုနစ်နာရီခွဲလောက်ကျတော့ မကောင်းဘူးလေ။ ဒါနဲ့ ဒီမှာထိုင်ပြီး ခြံဝချည်း မျှော်နေတာ။ လူရိပ်မြင်လိုက် လှမ်းကြည့်လိုက်၊ ကားသံကြားလိုက် ထကြည့်လိုက်နဲ့။ မောင်က တော်တော် စိတ်ပူအောင်လုပ်တာပဲ"

မဂ္ဂဇင်းတွေကို စားပွဲပေါ်သို့ချလိုက်၏။ အကျိုးအကြောင်း စကားဆက်မပြောမိ။ သုဝဏ္ဏာဘုမ္မိ တီးဟောက်စ်မှ ထွက်လာကတည်းက လမ်းပေါ်မှာပင်။ ရည်ရွယ်ခြင်း ကင်းမဲ့စွာ လမ်းလျှောက်နေမိ၏။ လမ်းတကာ စစ်ဆေးရေးအရာရှိ လျှောက်ကြည့်သကဲ့သို့ ဖြစ်နေမှန်းသိသည်။

ဆာဆာရှိလျှင် လက်ဖက်ရည် ဝင်သောက်၊ ထို့နောက် ဆက်လျှောက်။ ရုပ်ရှင် ကြည့်ရန် နာရီဝက်မက လွန်သွားသော်လည်း လက်မှတ်အကြွင်းအကျန်ရလျှင် ဝင်ထိုင် မည်စိတ်ကူး၏။ မရတော့။ ရွှေတိဂုံဘုရားသို့ အငှားကား ငှားကာ သွား၏။ လက်ဝဲ လက်ယာ ဘယ်နှစ်ပတ် ပတ်မိသည့်ပင် မမှတ်မိတော့။ ဘုရားအာရုံပြုရာ၌ စိတ်ကသိ ကအောက် ဖြစ်နေသည်။

ပြုံးနွယ်ကို ငါ မချစ်ဘဲယူခဲ့ရတာဟု စိတ်ထဲမှ ပြောနေ၏။ တန်ဆောင်းတိုင်တွင် မှီထားသော ကျောသည် ပူလာ၏။ ဇွတ်အဓမ္မယူခိုင်းလို့ ယူရတာမျိုးပဲဟု မှတ်ချက်ချ နေ၏။ တံတိုင်းတွင် တံတောင်ထောက်ထားမိသည်မှာ ကျင်လာ၏။ အဲဒီနေ့ကသာ ဒေါ်သိန်းဦးတို့ ရောက်မလာရင် ဒေါ်သိန်းဦးတို့ကို အိမ်လာဖို့ ပြုံးနွယ်ခေါ် မထားရင် ပြဿနာမရှိ။ မြန်မြန်ထက်ထက် ကွေ့ပြောင်းတဲ့ အကွေ့အပြောင်းဖြစ်စရာ မရှိဘူးဟု အောက်မေ့၏။

ငါ ငြင်းခဲ့ဖို့ကောင်းတယ်။ သတ္တိရှိရှိ ခေါင်းခါခဲ့ဖို့ကောင်းတယ်။ ဝှင်းဝင်းရှိန်

mgyoe.com

ကတော့ ထင်မှာပဲ။ စကား အပြန်မစောင့်ပဲ မိန်းမ ယူသွားလိုက်တာ။ သူ့ကို သက်သက် လာရိတယ် ထင်မှာပဲ။ ဒေါ်သိန်းဦးကို အဒေါ်မဟုတ်မှန်းသာ ငါသိရင်တော့ ငြင်းသမှ သိပ်ငြင်းတာပေါ့။ အဲဒီနေ့က ဒီမိန်းမကြီးကြည့်ရတာ ငါ နှစ်ခွန်းငြင်းရင် ဆိုင်ရာကို တိုင်မယ့်ပုံမျိုး။

ငါ့ပတ်ဝန်းကျင်မှာ သတင်းဆိုးဖြစ်လာမှာ ငါကြောက်ပြီး အလျှော့ပေးလိုက်ရ တာပါ။ ကဲ့ရဲ့ ချီးမွမ်း ခုနစ်ရက်ဆိုတာ ငါ သတိရဖို့ကောင်းပါတယ်။ အို... နောက်ဆုံး ကတော့ ပြုံးနွယ်။ ငါ့ကို အပိုင်ချည်လိုက်တာ သူ။ ဒေါ်သိန်းဦးတို့ လာမှာသိလို့။ ငါ့ကို အကွက်ဆင်တာ။ ငါ လိုက်သွားမိတာကိုက ငါ့အမှား။ ယောကျ်ားလေးပဲ။

သူကတော့ သူ့တွက်ကိန်းနဲ့ သူမို့။ တကယ် မချစ်ပဲနဲ့ ငါ ဒီလိုဖြစ်ခဲ့ရတာ ပြုံးနွယ့်ဉာဏ်။ ဒါတွေများ ဝင်းဝင်းရှိန် ဂဃနဏသိရင် ငါ့ကို အတွေ့ပျော် လူပေါ့ လူသွမ်းလို့ အထင်သေးမှာ သေချာတယ်ဟု တွေးသည်။

"မောင် ထမင်းဆာလှရောပေါ့"

ထမင်း လက်ဆုံမစားချင်။

"စားလာခဲ့ပြီးပြီ"

"ပြုံးနွယ် တအားဆာတာ။ မစားသေးပဲ မောင့်ကို စောင့်နေတာ"

"စားတော့လေ"

လေသံ မမာကျောအောင် သတိထားပြီး ပြောရ၏။

"မောင် မိုးမိလာတယ်နဲ့ တူတယ်။ ဆံပင်တွေ ကြည့်ရတာ ထိုင်းတိုင်းတိုင်း စိုတိုတို ဖြစ်နေတယ်"

နည်းနည်းပါဟု သူဖြေ၏။ ထမင်းစားခန်းဘက်သို့ သွားကာ ရေတစ်ခွက် ခပ်သောက်၏။ ပြုံးနွယ်သည် အိပ်ခန်းထဲသို့ ဝင်သွား၏။ ကုလားထိုင်တွင် သူထိုင်ပြီး ခဏအကြာတွင် အိမ်နေအိမ်ဝတ် အင်္ကျီလုံချည်နှင့် မျက်နှာသုတ်ပဝါ ယူလာ၏။

ပြုံးနွယ်မျက်နှာမှ ပူပန်သော အငွေ့အရိပ်တွေ ပြယ်စပြုလာ၏။ အင်္ကျီအဝတ် အစား လဲသည်။ ရုံးဝတ်အင်္ကျီ အဝတ်အစားတွေကို ပြုံးနွယ် ယူသွားသည်။ စိုထိုင်း နေသော ဆံပင်ကို မျက်နှာသုတ်ပဝါဖြင့် ပွတ်ရင်း ဒေါ်သိန်းဦးစကားတွေ ပြန်လည် ပြောပြလိုက်ရလျှင် ကောင်းမလား တွေး၏။ ပြောစရာ မလိုပါဘူးလေ။ သူသိပြီးသား အကြောင်းအရာတွေပဲဟု အောက်မေ့၏။ ဒါပေမယ့် ငါ မသိသေးဘူးလို့ထင်နေတဲ့ အထင် ကိုတော့ ပြောင်းပစ်ပေးလိုက်မှဟု တွက်သည်။

mgyoe.com

mgyoe.com

ချက်ချင်းပြောရင် စကားမှာ အမှားပါသွားဦးမယ်ဟုလည်း စဉ်းစားသည်။ ဒေါ်သိန်းဦးက သူ့အဒေါ် ဒေါ်လှမြိုင်က သူ့အစ်မ ဟုတ်ရိုးမှန်ရင် ငါကျေနပ်မယ်ဆို ကျေနပ်နိုင်ပါသေးတယ်။ ခုဟာက ဘာမှမဆိုင်တဲ့ သူစိမ်း။ နေ့တစ်ဝက် တစ်နေ့တာ၊ တစ်ပတ် တစ်လ မစောင့်ဆိုင်းပဲ ချက်ချင်းလက်ထပ်လိုက်ရအောင် စီစဉ်တာ ပြုံးနွယ် ညဏ်။ ထိခိုက်နစ်နာမှု သူ့ဘက်မှာ မဖြစ်ရအောင် အကွက်ဆင်တာပဲ။ စိတ်မခိုင်တဲ့ ငါ့အပြစ်လည်း ငါ့အပြစ်ပါ။ မက်မော မွေ့လျော်စရာကြုံရင် သမာဓိမရှိခဲ့တဲ့ ငါ့အပြစ်လည်း ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့်... ပန်ရတော့တစ်ပွင့် ပေးရတော့ အသပြာ တစ်သိန်း။ ငါ့ဘဝတစ်ခုလုံး အကြီးအကျယ် ပြောင်းလဲခဲ့ရပြီဟု မကျေနပ်စွာ တွေးတော သည်။

"နည်းနည်းဖြစ်ဖြစ် ထပ်စားလိုက်ပါလား မောင်။ ဘယ်အချိန်က ညနေစာ စားတာမို့လဲ"

မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး ပြောမေးမေးသည်။

"ခြောက်နာရီလောက်က"

နှုတ်တည့်ရာ ဖြေလိုက်ရလေသည်။

"အငှားကားစီးပြီး ပြန်လာရောပေါ့ မောင်ရယ်။ မိုးထဲ လေထဲ"

"ငှားမရလို့"

"မောင် ပြန်လာရတာနဲ့ ဆာမှာပါ။ ထမင်းမစားလည်း တစ်ခုခု စား။ ပေါင်မုန့်နဲ့ ကြက်ဥ စားပါလား"

"ထမင်းပဲ စားမယ်"

စိတ်မပါ့တပါစကား။ ပြုံးနွယ်သည် ထမင်းပွဲပြင်ရန် ပျာပျာသလဲ ထ၏။ နှစ်ဖိုတွဲ ရေနံဆီ မီးဖိုပေါ်တွင် တင်ကာ နွေးထားသော ချဉ်ရေဟင်းအိုးနှင့် ထမင်းအိုးဖုံး လှပ်သည်။ ခွေးစစ်ချပြီး မီးအနည်းငယ် တင်၏။ စားပွဲပေါ်ရှိ စီးကရက်ဗူးကို ယူသည်။ တစ်လိပ် ယူကာ သောက်သည်။ ဓာတ်ငွေ့မီးခြစ်ပြားကို ထမင်းစား စားပွဲပေါ်တွင် ထောင်ထား၏။ လက်ခလယ်ဖြင့် တို့ကာ တစ်ပတ်လည်အောင် ဖြည်းဖြည်းရွှေ့ သည်။ ပြုံးနွယ်သည် ဝက်အူချောင်းကို ရေဆေးသည်။ ထိုနောက် ခပ်စွေစွေလှီးသည်။

"ကြက်ဥကော ကြော်ပေးရမလား မောင်"

"ကြော်ချင်လည်း ကြော်လေ"

ပလတ်စတစ် ခြင်းထဲမှာ ကြက်ဥသုံးလုံး လှမ်းယူသည်။

mgyoe.com

 mgyoe.com 

"အခုမှပဲ စိတ်ထဲ အေးရတော့တယ်"

စီးကရက်မီးခိုးကို ဟူးခနဲမှုတ်ထုတ်စဉ် ပြုံးနွယ် လှည့်ကြည့်ပြီးပြော၏။

"မပြောမဆိုပဲနဲ့ အဲသလိုသွားတာ အိမ်ကလူ စိတ်ပူတယ်။ ဘယ်လိုက်လို့ လိုက်ရမှန်းမသိ။ နေရာတကာ မိန်းမက ကောက်ကောက်ပါအောင် နောက်ကလိုက်လို့လည်း ဘယ်ကောင်းမှာလဲ။ ဘယ်သွားမယ် ဘယ်အချိန် ပြန်ရောက်မယ်ဆိုတာလောက်တော့ ပြောသွားမှပေါ့ကွယ်"

လက်နှီးအဝတ်ယူကာ ထမင်းအိုးနှင့် ချဉ်ဟင်းအိုးကို ချသည်။ ဒယ်အိုးနှစ်လုံးကို ဖိုပေါ်တွင်တင်၏။ နှစ်ဇွန်းသုံးဇွန်းစာ ရေခပ်ထည့်၏။ ရေဆူလျှင် ဒယ်အိုးကိုကျင်းမည်။ ထိုနောက် ဆီထည့်မည်။ ပြုံးနွယ်သည် အချက်အပြုတ်ကောင်းသော အိမ်ထောင်ရှင်မ။ မီးဖိုဆောင် ဝတ္တရားပြည့်စုံသူဟု သိသည်။ စားရေးသောက်ရေး အပြစ်ပြောစရာမရှိ။ သို့သော်၊ အသိအမှတ်ပြုချင်စိတ်က လွင့်ထွက်လျက်ရှိ၏။

"မောင် စီးကရက်ကုန်ပြီလား"

သူ ခေါင်းခါ၏။

"စီရုံထဲက ဆယ့်ခုနစ်ကျပ်နဲ့ ရလို့ သုံးဗူး ဝယ်လာခဲ့သေးတယ်။ ဈေးနည်းနည်းကျသွားတယ်နော်။ သိပ်မသောက်နဲ့။ မောင့် ကျန်းမာရေးအတွက် ပြောတာပါ"

ပြုံးနွယ်အကြည့်သည် စူးစူးစမ်းစမ်းအကြည့်ဟု ထင်၏။ ဦးငွေရတို့ လက်ဖက်ရည်ဆိုင်သို့ ရောက်ခဲ့သည်ဆို၏။ ဒေါ်ခင်နှစ်နှင့်သာ တွေ့ခဲ့သည်ဆို၏။ ဦးငွေရနှင့်ဆုံချင်ဆုံမည်။ မေးမြန်းသောအခါ၊ သုဝဏ္ဏဘုမ္မိ လက်ဖက်ရည်ဆိုင်တွင် ဒေါ်သိန်းဦးနှင့်အတူ လက်ဖက်ရည်သောက်စကားပြောနေသည်ကို ဦးငွေရက ပြောကောင်းပြောမည်။ ဒေါ်သိန်းဦးနှင့် ဆက်ဆံရေး အထစ်အငေါ့ဖြစ်နေသောအချက်၊ စိတ်အနှောင့်အယှက်ဖြစ်နေသော သူ့အမူအရာတို့ကို ဆက်စပ်တွေးပြီးသား ဖြစ်လိမ့်မည်။ ပြုံးနွယ်သည် မသိယောင်ပြုနေခြင်း ဖြစ်နိုင်၏။ ခါတိုင်းကဲ့သို့ ရွှင်လန်းဖျတ်လတ်စွာ၊ အပြောအဆို စည်ကားစွာ။

"မောင့် အဖေနဲ့အမေတို့ ဘယ်နေ့လောက်အရောက်လာမယ်တဲ့လဲ"

"တစ်နေ့က စာထဲအတိုင်းပဲ"

တစ်နေ့ကရောက်လာသော စာထဲတွင် သီတင်းကျွတ်လဆန်းလောက် ရောက်မည်ဟု ရေးထား၏။

"မောင် အိမ်ရှေ့မှာ ခဏလောက် သွားနေပါလား။ ညှော်မှာစိုးလို့"

ဆီဖျစ်သံနှင့် အခိုးထသည်ကို လှမ်းကာကြားမြင်၏။

mgyoe.com

mgyoe.com

"ကိစ္စမရှိပါဘူး။ ရပါတယ်"

"လမ်းမှာ အအေးမိလာလို့ ညှော်နံ့ကြောင့် ခေါင်းကိုက်မှာ စိုးလို့"

သူ ခေါင်းခါသည်။ တစ်ဝက်သာသာ စီးကရက်ကို ပြာခံခွက်ထဲသို့ ထည့်ထားလိုက်၏။ စီးကရက် မီးခိုးသည် ပြတင်းလေကြောင့် ဝေ့ယမ်းကာ တက်လျက်ရှိ၏။

❐

mgyoe.com

mgyoe.com

[ ၆ ]

အပေါင်းအနုတ်တွေ ကိန်းဂဏန်းတွေ ဇယားကွက်တွေကြားတွင် နစ်နေ၏။ ဂဏန်းပေါင်းစက်မြည်သံ လှည့်သံ၊ လက်နှိပ်စက်သံတွေ၊ စာကူးစက်လည်သံတွေကို နားတွင် ငြီးငွေ့လာ၏။ အလုပ်က အလျင်အမြန်နှင့် ချက်ချင်းနှင့် လောလောဆယ် ပြီးရမည့် အလုပ်တွေချည်း။ ထမင်းချိုင့်ကို အလုပ်စားပွဲပေါ်တွင် ထင်ထားရသည်။ မစားဖြစ်သေး။

ဆယ့်နှစ်နာရီ ထိုးပြီးမှ ဌာနစုမှူးက နားလိုက်ကြပါဦး၊ ထမင်းဝိုင်းပြီး စားကြ တာပေါ့ဟု ပြော၏။ ထမင်းစားချိန် နောက်ကျ၍ လက်ဖက်ရည်ဆိုင်သို့ မဆင်းဖြစ်။ ရုံးပေါ်သို့လာပို့ရန် မှာသောက်ရသည်။ ဆယ့်နှစ်နာရီ ခွဲပြီးသောအခါ ရုံးခန်းထဲသို့ ပြုံးနွယ် ရောက်လာ၏။ လက်ဖက်ရည်သောက် ဆင်းမလာ၍ လာမတွေ့ခြင်းဟု ပြောသည်။

အလုပ်ပိနေ၍ ဆင်းမလာသောစကား သူပြော၏။ ပြုံးနွယ်နှင့် မျက်မှန်းတန်း နေကျသူတွေနှင့် ရင်းနှီးစပြုလာသူတချို့က စိတ်မချလို့ လိုက်လာတာထင်တယ်။ အလုပ် အကြောင်းပြပြီး တမင်ဆင်းမလာတာ။ လွှတ်မထားနဲ့နော် စသည်ဖြင့် နောက် ပြောင်ကြ သည်။ ပြုံးနွယ်သည် ပြုံးရယ်ကာနေ၏။

ခဏအကြာတွင် ဆိုင်ကိုပြန်မည်ဟု ပြောသည်။ သူ ဆင်းလိုက်သွား၏။ လက် ဖက်ရည်တစ်ခွက် ထပ်သောက်သည်။ ပြုံးနွယ်သည် ပေါင်မုန့်မီးကင်ထောပတ်သုတ် မှာစားသည်။ လေးငါးဆယ်မိနစ်အကြာတွင် ပြန်သွားသည်။

ရုံးပေါ်သို့ ပြန်ရောက်သောအခါ ကိုအောင်သစ်အမျိုးသမီးက တော်တော်ဂရုစိုက်

mgyoe.com

mgyoe.com

တယ်နော်ဟု ရှိစီစိန်ကြဲက လှမ်းပြော၏။ ရယ်ကျဲကျဲဖြင့် နေလိုက်သည်။ ရှိစီစိန်ကြဲသည် အစပ်စုသန်သောသူ။ သူ့ရှေ့မှာ ဘာစကားမှ မဟခြင်းက ပို၍ကောင်းသည်။ ဆံခြည်မျှင်ကို ကျွန်းပင်လုံးပမာဏအထိ ချဲ့ကာပြောတတ်သော ဓလေ့ရှိသည်။ စကားပြောလျှင် စကားလုံး လေးလေးပင်ပင် နှေးနှေးဝဲဝဲပြောသည်။

သူ စကားမပြန်သောကြောင့် ရှိစီစိန်ကြဲ၏ စားပွဲနှင့် ယှဉ်လျက် စားပွဲမှ ခင်မိုးဆွေက ကိုအောင်သစ်က မိန်းမရကံ တကယ်ကောင်းတာ၊ ဟုတ်တယ် မဟုတ်လား မမဒေစီဟု အဖော်ညှိစကားဆို၏။ သူများတကာလို ဘာမှပူပန်စရာမလိုဘူး။ နေစရာ တိုက်ကလေး တစ်လုံးနဲ့၊ ဆိုင်နဲ့၊ သွားဖို့လာဖို့လည်း ကားအသင့်၊ ဟန်ကျလိုက်တာ၊ အရွေးတော်တယ်ဟု ပြောသည်။ ချီးမွမ်းခြေကျောက်စကားဟု နားလည်သည်။

စကားအပိုတွေ ဘာလို့ပြောရသလဲ။ သူများကိစ္စဘာလို့ စပ်စုတာလဲဟု ပြောပစ်လိုက်ချင်သည်။ ခင်မိုးဆွေသည် ပိန်ကပ်သေးသွယ်သော ခန္ဓာကိုယ်ကို ခါးနွဲ့ကာ လမ်းလျှောက်ပြီး သောက်ရေအိုးဆီသို့ သယ်သွား၏။ ရေသောက်ပြီးနောက် ကိုအောင်သစ် မိန်းမက စည်ကမ်းတော့ တော်တော်ကြီးပုံပဲနော်ဟု လှမ်းပြော၏။

ဒေစီစိန်ကြဲက ဝအစ်သောမျက်နှာကို ပါးစုံ့တက်တက် မျက်ပေါက်ကျဉ်းသည်အထိ ဖြစ်လာအောင် တခိခိ ရယ်နေ၏။ ခင်မိုးဆွေသည် သူ့စားပွဲသို့ လျှောက်လာ၏။ ရေမွှေးနံ့နှင့် လက်ပပ်နံ့သည် သူ့အရင်ရောက်လာ၏။ မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ကာ

"မပြုံးနွယ်က ရာဇူးကပဲလား။ ဘာမေဂျာနဲ့လဲ"

စာရွက်တွေကို ဖန်တုံးဖြင့် ဖိရင်း ဖြေ၏။

"ရန်ကုန် ဝိဇ္ဇာသိပ္ပံကပါပဲ။ ပထမနှစ် အောင်ပြီးတော့ ဆက်မတက်တော့ဘူး။ ဓာတုဗေဒ ယူခဲ့တယ်တဲ့"

"ဓာတုဗေဒဆိုရင် ဝင်းဝင်းရှိန်နဲ့ သိချင်တောင် သိမယ်ထင်တယ်"

"မပြုံးနွယ်က လေးငါးခြောက်နှစ်လောက် စောတယ်"

"ဒါဖြင့် မပြုံးနွယ်က ဝင်းဝင်းရှိန်ထက် အသက်ကြီးတာပေါ့"

ဝင်းဝင်းရှိန်ထက် ခြောက်နှစ်ကျော် ကြီးတယ်။ အခု... သုံးဆယ်တစ်ကျော် သုံးဆယ်နှစ်နှစ်အတွင်းမှာဟု ပြောမည်စိတ်ကူးသော်လည်း မပြောဖြစ်။ သက်သာအဖွဲ့ အတွင်းရေးမှူးက ဆန်ကိစ္စ လာမေး၍ စကားပြတ်သွား၏။

တောင်ပံ့စကား၊ ရွှေဝါ၊ ကာဘော်လစ်စကား၊ ပဲဆီနှင့် ဒူးယား အစီခံစီးကရက်

mgyoe.com

mgyoe.com

စကားများ ပြောနေစဉ် ခင်မိုးဆွေ ကုလားထိုင်မှ ထပြန်သွားသည်။ ရုံးကြီးထဲမှ ရုံးကလေး ကိစ္စတွေ ပြောနေစဉ် ဝင်းဝင်းရှိန်ဟူသော အမည်သည် နားတွင် အဖန်တလဲလဲ ကြားနေ၏။ သက်သာကိစ္စ ပြီးချိန်တွင် ခင်မိုးဆွေစကားတစ်ခွန်း ပြော၏။

လွန်ခဲ့သော ဆယ်ရက်က ဝင်းဝင်းရှိန် မွေးနေ့ပွဲပြုလုပ်ကြောင်း။

"ကိုအောင်သစ် သူ့ဆီ အလည်လာဖော်မရတော့တဲ့ စကားတောင် သူပြောသေးတယ်"

သူ အင်းအင်းအဲအဲ မဆို။

"ကျွန်မက ပြောလိုက်ပါတယ်။ မိန်းမရနေတော့ ဘယ်လာချိန်ရပါတော့မလဲ လို့"

သူ တစ်ချက်ရယ်၏။

"ဒီလိုတော့ မဟုတ်သေးပါဘူးဗျာ"

"ဝင်းဝင်းရှိန်က မေးတယ်။ ကိုအောင်သစ် မိန်းမက ချောသလားတဲ့။ ဘယ်လို ပုံပန်းသဏ္ဌာန် အသက်အရွယ်အစ အကုန်မေးတယ်"

သူ့ရင်ထဲတွင် လှုပ်ရှားသွားသည်။

"သူ့လောက် မချောပါဘူးလို့ ပြန်ပြောလိုက်ရောပေါ့ဗျာ"

ခင်မိုးဆွေသည် တောက်ပမာခေါက်သော အဖိုးတန်အင်္ကျီနှင့် ထဘီကို မတွန့် အောင်ပြုသည် နောက်ဆုံးပေါ် သတ္တုကြေးနီရောင် ကိုင်းတပ်မျက်မှန်ကို အသာပင့်တင်ရင်း

"မပြုံးနွယ်မှာ မိဘမရှိတော့ဘူး ကြားတယ်။ မွေးချင်းလည်း မရှိဘူးဆို"

မစုံစမ်းခဲ့လျှင် သိစရာမရှိသောအကြောင်း။

"တစ်ဝမ်းကွဲတွေကတော့ အများကြီးပဲ"

ခင်မိုးဆွေစကားကို သူ ဖြေလိုက်သည်။

"လူကြီးတွေ ပေးစားတာဆို"

"မခင်မိုးဆွေကို ဘယ်သူပြောလဲ"

မဖြေ။ မေးခွန်းကြောင့် ခပ်အမ်းအမ်းဖြစ်သွား၏။ **ကိုယ့်ကိစ္စ** မဟုတ်လျက် ထိုမျှ နားဖွင့် မျက်စိဖွင့်ကာ လျှာကစားလွန်း၍ သဘောမကျ။ မျက်**နှာကို** အနည်းငယ် တည်ထားလိုက်သည်။ ဒီလိုပဲ ပြောသံကြားလို့ပါဟု စကားကို လျှော**ချသည်**။ ခင်မိုးဆွေ သည် ဟိုလိုလို သည်လိုလိုနှင့် စားပွဲအနီးမှ ခွာသွား၏။ စိတ်မှာ ကသိကအောက် ဖြစ်နေသည်။ စိတ်ကုန်စရာ တော်တော်ကောင်းတာပဲဟု အောက်မေ့၏။

mgyoe.com

mgyoe.com

လူတစ်ရာကျော်ရှိသော ဌာနတွင် လူလိုသူလို မနေတတ်သော သူမျိုး လေးငါးဆယ်ယောက်မှအပ ကျန်လူအားလုံးမှာ ခင်မင်လေးစားစရာ ကောင်းသည်။

ခင်မိုးဆွေတို့အုပ်စု၏စရိုက်သည် မဆက်ဆံရအောင် ဆက်ဆံရအခက်။ အဝတ်အစား အတုအပြိုင်၊ သူများအကြောင်း စပ်စပ်စုစု၊ စကားတင်း၌ ဝါသနာထုံသောအစု။ ခါးခါးသီးသီး ပြောပစ်ရန်ကား ခက်လှ၏။ ရုံးသူရုံးသားချင်းဟူသော သဘောကရှိသေးသည်။ ထို့ပြင်၊ ခင်မိုးဆွေနှင့် ကျတော့ ပို၍ အပြောရခက်၏။

ခင်မိုးဆွေသည် ဝင်းဝင်းရှိန်၏သူငယ်ချင်း။ တိုင်ပင်ဖော် တိုင်ပင်ဘက်။ ဝင်းဝင်းရှိန်ကို မေတ္တာအကမ်းအလှမ်းစကား သူပြောခဲ့သည်ကို ခင်မိုးဆွေသိထားမှာ သေချာသည်။ သိလျက်နှင့် မသိယောင်ပြုကာနေသည်ဟု ယူဆနိုင်သော အပြောအဆိုတွေ သူကြားရဘူးသည်။ မင်္ဂလာဆောင်ဖိတ်စာ ပေးစဉ်က အို… တကယ် အံ့သြစရာပဲဟု ခင်မိုးဆွေ ပြောခဲ့သည်။ ဝင်းဝင်းရှိန်ကြားရင် သိပ်အံ့သြသွားမှာဟု ပြောသည်။

လက်ထပ်ပြီးကာစက ခင်မိုးဆွေသည် ဝင်းဝင်းရှိန်၏အမည်ကို ရှောင်ကာစကားမစပ်ခဲ့။ လွန်ခဲ့သည့် တစ်လလောက်ကစ၍ ဝင်းဝင်းရှိန်နှင့် ပတ်သက်သော စကားတွေ မကြာခဏ ပြောစပြုလာသည်။

ဝင်းဝင်းရှိန်၏မျက်နှာကို ပြေးမြင်သည်။ ရုံးကို လမ်းဖြတ်ထားရာမှ ရှေးကကဲ့သို့ အလည်အပတ်ရောက်လာခဲ့လျှင် မျက်နှာချင်းဆိုင်ရန် အမှန်ပင် ခက်ပေလိမ့်မည်။

❐

mgyoe.com

mgyoe.com

# [ ၇ ]

ထမင်းချိုင့်နှင့် သတင်းစာခေါက်ကို သူယူပြီး ကားပေါ်မှဆင်း၏။ ပြုံးနွယ်သည် အထည်ခြင်းနှင့် အထည်ထုပ်ကို လက်တစ်ဖက်ဖြင့် ပွေ့ကာ လက်တစ်ဖက်က ဈေးခြင်းကို ကိုင်ပြီး ကားပေါ်မှ ဆင်းလာ၏။ သံတံခါး၀ လှေကားခုံတွင် ပစ္စည်းတွေချပြီး တံခါးဖွင့်၏။ ကူကာ ဖွင့်ပေးလိုက်၏။ မီးဖိုဆောင်ဘက်သို့ သူသွားသည်။

ပြုံးနွယ်သည် ထမင်းစားခန်းထဲတွင် ပစ္စည်းတွေထားပြီး ပြန်ထွက်သွား၏။ ဂိုထောင်ထဲသို့ ကားသွားသွင်းသည်။ အင်္ကျီအ၀တ်အစားလဲပြီး အိမ်ခြေရင်း ထိုင်ခုံပေါ်တွင် သွားထိုင်လိုက်၏။ မိုးဆုတ်စပြုသောကြောင့် အိုက်ခြင်းလည်း ဖြစ်နိုင်သည်။ စိတ်အိုက်၍ ကိုယ်အိုက်ခြင်းလည်း ဖြစ်ပေလိမ့်မည်။

စိတ်ထဲတွင် ဖြစ်ပေါ်သမျှ အလုံးစုံကိုကား ပြုံးနွယ် တွေးမိမှ တွေးမိမည်။ တစ်စိတ်တဒေသကိုကား မှန်းဆနိုင်လိမ့်မည် ထင်သည်။ ရက်သတ္တပတ် တစ်ပတ်မျှ သူ့အပြောအဆို အနေအထိုင်တွေ မရွှင်မပျ ဖြစ်နေသည်။ အကင်းပါးသော ပြုံးနွယ် ကောင်းစွာရိပ်မိသည်။ နေမကောင်းလို့လား၊ ခေါင်းကိုက်လို့လား စကားတွေ မေးသည်။ ကောင်းပါတယ်။ ဘာမှမဖြစ်ပါဘူးဟု သူ ဖြေသည်။ ဒါဖြင့် မောင် ဘယ်လို ဘယ်ဝါ ဟူသော စကားအထိ ပြုံးနွယ် ဆက်ပြောသင့်လျက် မပြော။

ညနေက ဆိုင်သိမ်းပြီးအပြန်တွင် လမ်းတစ်ဝက်အထိ တစ်ယောက်နှင့် တစ်ယောက် စကားမပြောမိကြ။ စကားမဆို ဖြစ်သည်ကို သူ သတိပြုမိသကဲ့သို့ပင်

mgyoe.com

ပြုံးနွယ်သည်လည်း သူ့နည်းတူပဲဟု မျက်နှာအနေအရ သိသည်။ အိမ်ရောက်ရန် ခရီးသုံးပုံ တစ်ပုံ အလိုတွင်မှ...

"မောင့်ကြည့်ရတာ တစ်ခုခု ပြောချင်နေပုံပဲ၊ ပြောစရာရှိရင် ပြောလေ..."

ကားမောင်းမြဲမောင်းရင်း သူ ပြန်မပြော။ မောင်းနေကျထက် အတော်မြန်နေသော အရှိန်ကို သူ လျှော့ချလိုက်သည်။

"မောင် တစ်မျိုးဖြစ်နေတာ တစ်ပတ်လောက်ရှိပြီ"

သူ မပီသသော အပြုံး ပြုံးသည်။

"ထင်လို့ပါ"

အသံတွင် စိတ်အမှတ်အသားရှိနေသည်။ ပြုံးနွယ်သည် ပြတင်းတွင် လက်ထောက်ရာမှ ရုပ်၏။ သူ့ဘက်သို့အနည်းငယ် ရွေ့သည်။ နောက်ကြည့်မှန်ထဲမှ တစ်ချက် လှမ်းကြည့်လိုက်သည်ကို သူသိသည်။

"မောင် ဒေါ်သိန်းဦးနဲ့ စကားပြောခဲ့တယ် မဟုတ်လား"

အံ့အားသင့်သွားသည်။ ပြုံးနွယ်သည် မည်သည့်အချိန်က ထိုအကြောင်းကို သိနေပါလိမ့်ဟု တွေးသည်။ သုဝဏ္ဏဘုမ္မိတီးဟောက်စ်ထဲတွင် စကားပြောခဲ့ကြသည်ကို ဦးငွေရက ပြန်လည်ပြောပြခြင်းလည်း ဖြစ်နိုင်သည်။ ဒေါ်ခင်နှစ်က ပြန်လည်ပြောပြခြင်းလည်း ဖြစ်နိုင်သည်။ စကားပြောခြင်းကို သာမက စကားပါအချက်အလက်တွေကိုပါ ပြုံးနွယ် မှန်းဆမိပုံရ၏။ သူချက်ချင်းမဖြေ။ မီးတိုင်လေးငါးဆယ်တိုင် လွန်လာသော အခါမှ...

"ဘယ်သူပြောလဲ"

"ကြီးကြီး ဒေါ်ခင်နှစ်က ပြောပြလို့"

"ဟုတ်တယ် ပြုံးနွယ်... ဘာစကားတွေပြောတယ်လို့ကော ထင်လဲ"

"မောင့်ကို ဒေါ်သိန်းဦး ပြောသမျှကို ဒေါ်သိန်းဦးက ပြုံးနွယ်ကိုလည်း ဝန်ခံပါတယ်"

"ဘာ"

ပြုံးနွယ်တွင် အံ့အံ့သြသြမရှိ။ ဒေါ်သိန်းဦးကို ပြုံးနွယ် သွားတွေ့ပြီးပြီဟူသော စကားကြောင့် သူအံ့အားတသင့် ဖြစ်သွားသည်။

"မောင်နဲ့ ဒေါ်သိန်းဦးနဲ့ စကား ပြောကြတယ်ဆိုတာ နောက်တစ်နေ့မှာ ပြုံးနွယ် ကြားတယ်။ နောက်နေ့မှာ ဒေါ်သိန်းဦးအိမ်ကို ပြုံးနွယ် သွားရာတယ်။ မောင်

mgype.com

ပြောပြလို့ သိပြီးပါပြီ။ အပြည့်အစုံ ကျွန်မကို ပြန်ပြောပြပါလို့ ပြောလိုက်တယ်လေ။ ဒီတော့ မောင့်ကိုပြောတာတွေ မောင် ပြောပြပေါ့။ စကားအပိုအလို မိတ္တူ တိုက်ကြည့်ချင်တယ်"

ပြုံးနွယ် မျက်နှာမလှ။ သူ့မျက်နှာမှာ အပြုံးမရှိတော့။ ရှေ့ကားကို ကျော်တက်ပြီးမှ...

"ပြန်ပြောစရာ မလိုပါဘူး ပြုံးနွယ်"

သူ့ကို ကြည့်မြဲ ကြည့်နေ၏။ ညှိုးနွမ်းသော မျက်လုံးကို သူ သတိထားမိ၏။

"လိုတယ် မောင်"

"ဒါဖြင့် ပြုံးနွယ် အရင်ပြော။ လိုတာပိုတာကို ကိုယ်ပြောမယ်"

ပြုံးနွယ်သည် ရှေ့သို့ ငေးကြည့်နေ၏။ အပြောရခက်နေဟန်တူ၏။ ကျပ်တည်းသောစိတ်ကြောင့် ဖြစ်မည်။ သက်ပြင်းတစ်ချက်ချသည်။ ခဏကြာမှ ဒေါ်သိန်းဦး ပြောလိုက်သော စကားတွေ ပြန်လည်ပြောပြသည်။ ရှေ့တူရူသို့ကြည့်ကာ ကားမောင်းရင်း သူ နားထောင်သည်။ စကားအဆုံးတွင်...

"ဖမ်းတယ်ဆိုတဲ့ အသုံးအနှုန်းကို ဒေါ်သိန်းဦး သုံးပြီး ပြောတယ်"

ပြုံးနွယ် ခေါင်းညိတ်သည်။

"အဲဒီအသုံးအနှုန်းနဲ့ ပြောတယ်ဆိုတာလည်း ဒေါ်သိန်းဦး ပြောပါတယ်"

"ဟုတ်တယ် ပြုံးနွယ်၊ အဲဒါ သူ့စကားအကုန်ပဲ"

သူ့စကားအဆုံးတွင် ပြုံးနွယ် ပါးနှစ်ဖက် နီရောင်သန်းလျက် ရှိလေ၏။

"ကိုယ် ဘာပြောဖို့လိုသေးလဲ ပြုံးနွယ်"

"ယောကျ်ားတစ်ယောက်ကို အမိအရ ဖမ်းတယ်ဆိုတဲ့စကားကို မောင် ဘယ်လို သဘောထားတယ်ဆိုတာတော့ သိချင်တယ်"

"ဖမ်းတယ်ဆိုတာကို ဟုတ်မဟုတ် အရင်ဖြေလေ"

"ပြီးတော့ ဖြေမယ်၊ ပြုံးနွယ်အပေါ်ထားတဲ့ မောင့်သဘောထား အရင်ဆုံး သိချင်တယ်လေ..."

သူ ရယ်လေသည်။ ခြောက်သွေ့သော အရယ်။ လေယက်မှတဆင့် တိုးဝင်လာသော လေရှိန်ကြောင့် နဖူးပေါ်သို့လွင့်လာသော ဆံပင်ကို ခေါင်းဆတ်ကာ ပြန်တင်သည်။

"ယောကျ်ားလေး တစ်ယောက်အနေနဲ့ အိမ်ထောင်ရေး သက်တမ်းတစ်လျှောက်

mgyoe.com

မှာ စိတ်အနှောင့်အယှက်ကြီးဖြစ်စရာပဲပေါ့ ပြုံးနွယ်။ ဘာလို့လဲဆိုတော့ အဲသလိုမှ ထောင်ချောက်မဆင်ရင် အဲဒီယောက်ျားလေးက တာဝန်မဲ့သွားမှာမို့လို့ဆိုတဲ့ သဘောကိုး။ ယောက်ျားတစ်ယောက်ရဲ့သိက္ခာကို ထိခိုက်တာ ဘယ်ရွှေ့ဘယ်မျှ လို့တော့ ပြုံးနွယ် စဉ်းစားကြည့်ရင် သိနိုင်ပါတယ်"

စိတ်လှုပ်ရှားသော လေယူလေသိမ်းကို ပြုံးနွယ် သိပေလိမ့်မည်။ မကျေနပ်သော စကားအသုံးတွေကိုလည်း သတိပြုမိပေလိမ့်မည်။ စက်ဖုံးပေါ်မှာ အရိပ်ထင် ဝင်လာသော သဏ္ဌာန်တွေကို တွေ၍ ကြည့်နေ၏။

"ပြုံးနွယ် ဘာလုပ်ရမှန်းမသိလို့ ဒေါ်သိန်းဦးတို့ မလှမြိုင်တို့ကို တိုင်ပင်ဖို့ ခေါ်တဲ့ အဆင့်မှာပဲ ရှိပါသေးတယ်မောင်"

"မောင်လိုက်လာတဲ့နေ့က သူတို့လာကြမယ်ဆိုတာကိုတော့ ပြုံးနွယ် သိပြီးသားပါ"

ပြုံးနွယ်နှုတ်ခမ်းသည် တင်းတင်းစေ့သွား၏။

"ဘယ်အချိန်လာမယ်ဆိုတာ ပြုံးနွယ် မသိပါဘူးမောင်"

ထိုအချက်ကို သူ ထင်မြင်ချက်မပေး။ သို့သော်

"တာဝန်မဲ့ပြီး ရှောင်ပြေးမှာစိုးလို့ နာရီပိုင်းအတွင်း ရပ်ကွက်လူကြီးတွေခေါ် ဘာခေါ်နဲ့ ကောက်ကာငင်ကာ လက်မှတ်ထိုးရတယ်ဆိုတဲ့အဖြစ်က ပတ်ဝန်းကျင် အမြင်ရုပ်ဆိုးစရာကြီးပါပဲ။ ဒီအကြောင်းကို မောင့်ပတ်ဝန်းကျင်က နည်းနည်း လေးမှ မသိကြလို့သာပေါ့။ ဦးလေးတို့ အဖေတို့ကိုတောင် ဒီအကြောင်း မဟ ရဲဘူး"

"မောင် ပြုံးနွယ်ကို ချစ်တယ်လို့ပြောတုန်းက အတူလက်ထပ်ပြီး နေကြဖို့အထိ ရည်စူးပြီး ပြောခဲ့တယ်လို့ ထင်ပါတယ်"

သူ့နှုတ်ခမ်းတွေ ခဏတာ ထိုင်းသွားလေ၏။

"ပြောလည်းပြော လက်ထပ်ဖို့လည်း အစီအစဉ် ဖြုန်းဆို ရောက်လာတာကျတော့ ကော"

"ဒေါ်သိန်းဦးတို့ မြင်တဲ့အဆင့်ကို ဘာလို့ချန်ပြီး ပြောရသလဲ မောင်"

သူ ပြုံးသည်။ ပြုံးနွယ်စကားနိုင်လုသည်ဟု ထင်၏။

"ဘာမှမတော်တဲ့ ဒေါ်သိန်းဦးတို့က အဲသလိုမြင်တာနဲ့ ချက်ချင်းကြိုးနဲ့ ကောက်ချည်တာခံလိုက်ရရင် ပြောနေတာ ပြုံးနွယ်။ အဲဒီကြိုးကလည်း ပြုံးနွယ် ပေးထားတဲ့ကြိုး"

mgyoe.com

သတိထားပြီး စကားပြောမှဖြစ်မည်ဟု ပြုံးနွယ် သဘောပေါက်ဟန်တူ၏။ ဝန်ခံသောမျက်နှာရိပ်ကို သူမြင်သည်။

"ပြုံးနွယ် တစ်ခုတော့ မေးချင်တယ်"

မျဉ်းဖြူမှုကပ်ကာ အရှိန်မြှင့်ပြီး မောင်းနေစဉ်ပြောသည်။

"ပြုံးနွယ့် အကျင့်စာရိတ္တကို မောင်သိလား"

အင်းဟု မပွင့်တပွင့် ပြောလိုက်သည်။

"နေချင်သလို နေခဲ့ပြီးမှ မောင့်ကို ရုပ်ပြအနေနဲ့ ဖမ်းတာ မဟုတ်ဘူးဆိုတာ ကော"

"သိပါတယ်"

"တရားခံရှာတာ မဟုတ်ဖူးလို့ကော။ သိမှာပါ"

"ဒါတွေအတွက် မောင် သံသယဖြစ်ပြီး ပြောနေတာ မဟုတ်ဘူး ပြုံးနွယ်"

သူ့အသံ ဆတ်တောက်တောက် ဖြစ်သွား၏။

"မောင် လက်ထပ်ဖို့ ရည်ရွယ်ပြီး ချစ်စကားပြောခဲ့တယ်ဆိုရင် အချိန်ယူ စီစဉ် ရမယ့်ကိစ္စကို မြန်မြန်ထက်ထက် နေ့ချင်းညချင်းဖြစ်သွားရတာ တစ်ခုလောက် နဲ့တော့ အကြီးအကျယ် မကျေမနပ် မဖြစ်သင့်ဘူး ထင်ပါတယ်"

သူ မဲ့ပြုံးတစ်ချက် ပြုံးသည်။ ထိုစကားကို သည်၏ မတုံ့ပြန်။

"ဒီကိစ္စကို ဆွေမတော် မျိုးမတော် ဒေါ်လှမြိုင်တို့ အတွင်းသိဖြစ်နေတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရတာကို ပြုံးနွယ် ပြောဦးလေ"

ခေတ္တမျှကြာမှ

"တရင်းတနှီးရှိတဲ့ သူတို့က လွဲလို့ ဘယ်သူ့ကို ပြုံးနွယ်တိုင်ပင်ရမလဲ မောင်။ ရန်ကုန်မှာ ပြုံးနွယ် တစ်ကောက်ကြွက်ပါ"

"တိုင်ပင်တယ်ဆိုတာထက် ထောင်ချောက်ဆင်ဖို့ တိုင်ပင်ဖို့လို့ ပြောပါ ပြုံးနွယ်"

"အဲဒီစကားက မရင့်သည်းလွန်းဘူးလား မောင်"

ပြုံးနွယ်၏အသံမှာ စောစောကလောက် မပျော့ပျောင်းလှ။

"ဒေါ်သိန်းဦးတို့ ရောက်လာတဲ့အချိန်မှာ ပြုံးနွယ် မျက်နှာမထားတတ်အောင် ဖြစ်နေတာလည်း မောင် သိပါတယ်။ ငါတို့ သင့်သလို စီစဉ်လိုက်ရမလား မေးတာကို ပြုံးနွယ် ခေါင်းညိတ်လိုက်တယ်။ ပြုံးနွယ်ကိုယ်တိုင် အိပ်မက်လို ဖြစ်နေတာပါ"

mgyoe.com

 oe.com 

"ဖမ်းလို့ ယူလိုက်ရတယ်ဆိုတဲ့အမြင် မောင့်ကို သူတို့မမြင်ပဲ နေမှာလား"

"ဒါတော့ ဟုတ်ပါတယ်"

"ကိုယ်ထိ လက်ရောက်မှုနဲ့ ဥပဒေကိုမြင်လို့ မောင် ခေါင်းညိတ်ရတဲ့အနေမျိုး ဖြစ်မသွားဘူးလား"

"တောင်းပန်ပါတယ် မောင်ရယ်... ဒီသဘောမျိုးဖြစ်သွားရင် ပြုံးနွယ် တောင်းပန်တယ်။ ဒေါ်သိန်းဦး မောင့်ကို ပြောပြသားပဲ။ မောင်က ပြုံးနွယ် အချစ်ဦးပါ။ ဝေးသွားမှာ စိုးရိမ်တဲ့မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို အသိအမှတ်ပြုရင် မောင် သဘောပေါက်မှာပါ"

ပြောမည့် ကားတို့သည် နှုတ်ဖျားရောက်မှ ချုပ်ငြိမ်းသွားကြသည်။ လျှော့လွန်းသောကြိုးကို မြင်ရသကဲ့သို့ ရှိလေ၏။ ပြုံးနွယ်၏မျက်နှာသည် သိသိသာသာ ညှိုးနေ၏။ ရှက်ရွံ့သော အမူအရာကို မဖုံးမကွယ်နိုင်။ စကားကြို့ကာ ပြောရသော ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သကဲ့သို့ ခံစားနေရပုံ ရှိလေ၏။ သူစကားမဆက်။ ကားကိုသာ အရှိန်မြင့်ပြီး မောင်းနေလေသည်။ ရန်ကုန်မြို့ပြင်သို့ ကားထုတ်စပြုလာ၏။ မိုးသားကြားမှ နေရှိန်ငွေ့ငွေ့သည် ပူပြင်းခြောက်သွေ့ဆဲပင် ဖြစ်လေသည်။

* * *

အပြုံးအရယ် စကားဝေဆာမှု နည်းပါးခန်းခြောက်သွားသော ညစာထမင်းပွဲ၊ ပြုံးနွယ်သည် တစ်ပန်းကန်သာသာမျှ စားပြီး ထမင်းပန်းကန်ကိုင်ကာ မီးဖိုဆောင်သို့ သွား၏။ ပန်းကန်ဆေး၊ လက်ဆေးပြီး ထမင်းစားခန်းသို့ ပြန်ထွက်လာ၏။ သူ စားနေစဉ် ဟင်းချိုပူပူ လှယ်ပေးသည်။ ငါးဟင်းပန်းကန်တွင် အနှစ်ထပ်ထည့်ပေးသည်။ ဒညင်းသီးပြုတ်ကို အခွံပါး နွာပေး၏။ ထမင်းစားပြီး ကြွေဇလုံတွင် သူ လက်ဆေးစဉ် လက်သုတ်ပဝါနှင့် ရေပုလင်းကို ဖန်ခွက်ဘေးတွင် ချပေး၏။ သူ့ပန်းကန်ကို သွားဆေးပြီး ထမင်းစားခန်းသို့ပြန်လာရင်း"

"မောင် စားလို့ မြိန်တယ်နဲ့တူတယ်"

လက်သုတ်ပဝါဖြင့် နှုတ်ခမ်း ပါးနား သုတ်ရင်း ခေါင်းတစ်ချက် ညိတ်သည်။ ပြုံးနွယ်သည် ထမင်းဟင်း ပန်းကန်တွေ သိမ်းဆည်းနေ၏။ ဧည့်ခန်းထဲတွင် သတင်းစာဖတ်နေခိုက် ပြုံးနွယ် ထွက်လာ၏။

"ညနေက စကားပြန်ဆက်ပြောကြမလား မောင်"

mgyoe.com

ကျောမှီထားရာမှ ကိုယ်ကို မတ်လိုက်၏။ သတင်းစာကို ပြန်ခေါက်ကာ ပေါင်ပေါ်တင်ချသည်။ နှစ်ယောက်ထိုင် ကြိမ်ကုလားထိုင်တွင် ဝင်ထိုင်သော ပြုံးနွယ်ကို လှမ်းကြည့်သည်။

"ပြောစရာ စကား ကုန်သွားပြီ ထင်တယ်"

သူ့ကို တစ်ချက်ပြုံးကာ ကြည့်၏။

"မောင့်ရင်ထဲမှာ ညနေကပြောတဲ့စကားတွေက နည်းနည်းလေးပါ။ ညနေကပြောတာ အစွန်းထွက်လောက်ရှိဦးမှာ။ ရင်ထဲမှာ မချန်ပဲ အကုန်ပြော။ မောင်ဖြစ်ချင်တာလဲ ပြော...."

"လောလောဆယ်တော့ ပြောချင်စိတ် သိပ်မရှိဘူး ပြုံးနွယ်"

"ဘဝမှာ လူဖြစ်ကျိုး ရှုံးရလောက်တယ်ဆိုတဲ့အထိ မောင် ခံစားနေရသလား"

မဖြေလျှက်နေခြင်းက သူ့စိတ်ကို ပြုံးနွယ် အမှန်းရခက်ပေလိမ့်မည်ဟု သဘောရ၍ မဖြေ။

"ပြုံးနွယ်ကို မောင် လက်ထပ်လိုက်ရတဲ့အတွက် မောင့်ဘဝ ယူကြုံးမရ ဖြစ်နေသလား မောင်"

အိမ်ရှေ့သို့ သူ လှမ်းကြည့်နေ၏။ ဓာတ်မီးတိုင်မှ အလင်းရောင်သည် ခြံထဲရှိ သစ်ပင်တွေကို ခပ်မှိန်မှိန် ရောက်နေ၏။ သူ့စကား ထွက်မလာ။

"ဒီမိန်းမနဲ့အတူ နေနေရလေခြင်းလို့ မကျေမနပ်တွေဖြစ်နေသလားဟင်"

သံတံခါးတွင် ခပ်ထားသော သော့ခလောက်ကို သူ အကြောင်းမဲ့ လှမ်းကြည့်၏။

"အဲဒီစကားတွေ မပြောနဲ့တော့ ပြုံးနွယ်။ ပြုံးနွယ် စိတ်ချမ်းသာစရာ အခြေအနေကို ကျကျနန ဖန်တီးလို့ ရခဲ့ပြီပဲ"

ခေါင်းကို ဖြည်းဖြည်းခါသည်။

"ပြုံးနွယ် တကယ် စိတ်ချမ်းသာတာ အမှန်ပါ။ ဒါပေမယ့် မောင် စိတ်မချမ်းသာဘူးလို့ နားလည်ရမလိုဖြစ်နေပြီလေ..."

အဆများစွာ လေးနက်သောအကြည့်နှင့် အပြောအဆို။ စင်စစ်၊ သူ့စိတ်ထဲတွင် ပြုံးနွယ်ကဲ့သို့ ဂရုဓမ္မမရှိလွန်းလှ။

"ဒီစကားကို ကိုယ်မပြောသေးပါဘူး ပြုံးနွယ်"

"ပြောတာနဲ့ မခြားတော့ပါဘူး မောင်ရယ်"

လေသံတိုးတိုး။

mgyoe.com

 mgyoe.com 

"ဖမ်းတယ်ဆိုတဲ့အပြောတော့ မပြောပါနဲ့လို့ ပြုံးနွယ် တောင်းပန်ချင်ပါတယ်။ အဲဒီ အသုံး သုံးတာ ကြားရရင် ရင်ထဲမှာ ကျင်ကျင်သွားတယ်။ မောင့်ကို လက်လွတ် အဆုံးရှုံးခံရမှာ ပြုံးနွယ်ကြောက်တာ အမှန်ပဲမောင်။ ပြုံးနွယ်အတွက် အသင့်တော်ဆုံး အိမ်ထောင်ဘက်က မောင်ပဲ။ မောင်ကလွဲလို့ ဘယ်သူမှ မဖြစ် ထိုက်ဘူး။ ဒီသဘောနဲ့ ပြုံးနွယ် ချက်ချင်းလက်ထပ်ဖို့ ဒေါ်သိန်းဦးတို့ကို ပြောရ တာပါ။ အပြစ်ပြောတာ ဝေဖန်တာတော့ မဟုတ်ဘူး။ အဲဒီတုန်းက မောင့်ကိုယ် မောင်လည်း ပြန်စဉ်းစား"

သူ နားစိုက်လိုက်၏။

"ပြုံးနွယ်ကို မချစ်သလို ချစ်သလိုကြီး။ ဘာမှလည်း ပွင့်ပွင့်လင်းလင်း မရှိဘူး။ အတူသွားကြ လာကြတော့ရှိပါရဲ့... ဂရုတစိုက်စကားတွေတော့ရှိပါရဲ့။ ဖွင့်မပြော ဝံ့စရာမရှိအောင် စကားတွေ ပြုံးနွယ် ကြောင်းပေးသားပဲ။ မောင် မသိယောင် ဆောင်ပြီး ဒီလိုပဲ နေခဲ့တာပဲ။ ပတ်ဝန်းကျင်မှာ မေးမြန်းကြည့်တော့ ရည်းစား ရှိသလိုလို ဘာလိုလိုလဲ ကြားတယ်။ ပြုံးနွယ် မေးတော့ မရှိပါဘူးလို့ မောင် ကိုယ်တိုင် ဖြေတယ်"

စကားခဏရပ်ကာ သူ့ကို ကြည့်၏။ ထို့နောက်...

"လေးငါး ရှစ်လလောက်က တတွဲတွဲ။ ဘေးက မေးငေါ့စရာဖြစ်တောင်လာ တယ်။ အစကတော့ မောင် ရည်းစား သုံးလေးယောက် ထားပြီး ခေါင်းခေါက် ရွေးနေတယ် ထင်ခဲ့တယ်လေ။ နောက်တော့ ပြုံးနွယ်ကိုပဲ မောင်ရည်စူးတယ်လို့ ထင်လာတယ်။ မောင်ဖွင့်ပြောတဲ့နေ့ဟာ ပြုံးနွယ် သတိလစ်မတတ် ပျော်ရတဲ့နေ့"

အမှန်တွင် ပြုံးနွယ် စကားတို့သည် စိတ်နှလုံးကိုများစွာ ကြည်နူးစေသင့်သည်။ သို့သော် တင်းမာသော အကျိတ်အခဲသည် မည်သည့် စကားကိုမျှ နားဝင်မချိုစေတော့။ ပြုံးနွယ် စကားတွေကို နားထောင်နေရင်းနှင့် ကိုယ့်ကိုယ်ကိုယ် မေးခွန်းတွေ မေးနေမိသည်။ ငါ့ စိတ်ရင်းအတိုင်း ငါ ပြောပြရဲဖို့ ကောင်းတယ်။

မချစ်သလို ချစ်သလိုဖြစ်ခဲ့လို့ဟု ပြောလိုက်ဖို့ ကောင်းတယ်။ လက်ထပ်ဖို့ စိတ် မထားခဲ့လို့ပေါ့ဟု ငါပြောဝံ့ဖို့ ကောင်းသည်။ ဝင်းဝင်းရှိန်ကို အဖြေတောင်းခဲ့တာတွေ ငါဖုံးကွယ်မိတဲ့အကြောင်း အခု ပြောပြလိုက်ပါလားဟု တွေးသည်။ ကျလိုက်မယ့်သိက္ခာ။ ငါ့ကို ပြုံးနွယ် ရန်တွေ့စကားဆိုမှာတော့ မဟုတ်ဟု သိသည်။ ရန်တွေ့ခြင်းထက် များစွာ ဆိုးရွားသော မျက်လုံးဖြင့် ကြည့်ပေလိမ့်မည်။

mgyoe.com

mgyoe.com

ချစ်သူတစ်ယောက် အနေနဲ့၊ လင်ယောကျ်ားတစ်ဦး အနေနဲ့၊ လူတစ်ယောက် အနေနဲ့ ငါ့ကို တွေးထင် တွက်ချက်ထားတာတွေ လွဲခဲ့တယ်ဆိုတာ သိမှာ။ ငါကော...။ အနေသာလို့ အနေပျော်ဖို့ ငါ ခြေစလက်စ ပြုပါတယ်လို့ ငါမပြောရဲတော့ဘူး မဟုတ်လား ဟု ကိုယ့်ကိုယ်ကိုယ်မေးသည်။ ငါ ဘာလို့ မချစ်မိတာပါလေလဲ။ ခုထိ မချစ်သေးတာ သူ မသိဘူးဟု စိတ်ထဲမှ မေးပြောပြော နေမိ၏။ စိတ်ခွန်အား ကင်းမဲ့နေသကဲ့သို့ ခံစားရသည်။

"ဘ၀အတွက် အသင့်လျော်ဆုံး ချစ်သူကိုရဖို့ဆိုတာ မိန်းကလေးတစ်ယောက် အတွက် တကယ် မလွယ်တဲ့အရာပါ။ ဒါကို မောင်နားလည်ချင်မှ နားလည် မှာပါ။ အဲဒီအတွက် ပြုံးနွယ် အလောသုံးဆယ်ဖြစ်သွားတာအမှန်ပဲလေ တစ်ခု တော့ ရှိတာပေါ့။ မောင်က ပြုံးနွယ်အတွက် လင်ယောကျ်ားကောင်းဖြစ်ပေမယ့် မောင့်အဖို့ ပြုံးနွယ်က ဇနီးကောင်းဖြစ်ချင်မှဖြစ်မယ်လို့ မောင် ယူဆမလား မပြောတတ်ဘူး။ အဇော်ဆုံး ဇနီးတစ်ယောက်ဖြစ်အောင် ပြုံးနွယ် စိတ်ကူးပြီး ပြုပြင်နေပါတယ်။ ခက်တာက မောင့်အကြိုက် မကြိုက်ဆိုတာ ဘယ်ဟာဘယ်ပုံ မောင်ပြောမှ မပြောတာ"

နောက်မှီတွင် လက်ဆန့်ကာတင်သည်။ သူ့ကို ကြည့်နေရာမှ မျက်လွှာချ လိုက်သည်။ ကျစ်ဆံကျစ်ထားသော ဆံပင်သည် ဘယ်ဘက် ရင်ညွန့်ပေါ်မှလျှောကျ နေ၏။ ပြုံးနွယ်ထံမှ အကြည့်လွှဲချိန်တွင် သူ သက်ပြင်းတစ်ချက် ဖော့ကာချသည်။ မချစ်ဖူးဟူသော အကြောင်းပြချက်တစ်ခုဖြင့် တည်ဆောက်မိခဲ့ပြီဖြစ်သော အိမ်ထောင်ရေး ကို ပြုံးနွယ် မသိနိုင်သေး။

မချစ်သောကြောင့် ဟူသော အချက်သည် ထုတ်ဖော်ပြောရန်ပင် ဝေးစွ။ ဝမ်း ထဲ၌ ကိန်းအောင်းနေသည်ကပင် လွန်လှချေပြီ။ မချစ်ပဲနဲ့ ပြုံးနွယ်ကို ချစ်တယ်လို့ မောင်ပြောခဲ့တာ လိမ်တဲ့စကား ညာတဲ့စကားပေါ့။ ဘာကိုလိုလို့ အလိမ်အညာစကား မောင်ဆိုခဲ့ရတာလဲ၊ နှလုံးသည်းပွတ်ချင်းမှာ မောင်မစာနာရက်တယ် ဟူသော စကားတွေ နားမဆိုင်ရဲပဲဟု ကိုယ့်ကိုယ်ကိုယ် သိနေသည်။

"မောင် ပြုံးနွယ် အဲဒီအပြုအမူတစ်ခုအတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ချင် တယ်။ မောင် ခွင့်လွှတ်နိုင်ရဲ့လားဟင်"

လက်ချောင်းတွေကို သူ တဖျစ်ဖျစ် အညောင်းဖြေ ချိုးနေသည်။ ပြုံးနွယ်သည် သူ့အဖြေကို စောင့်လျက် ရှိသည်။ ကြည်လင်ခြင်းမရှိသော်လည်း ခေါင်းညိတ်ပြလိုက် သည်။

mgyoe.com

 mgyoe.com 

ပြုံးနွယ်တွင်ရှိသော ထိုအပြစ်သည် အပြစ်ကြီးလား၊ အသေးအဖွဲ့လား။ အပြစ်ဟုပင် ဆိုထိုက်ရဲ့လားဟု တွေးသည်။ ဇနီးတစ်ယောက် ဖြစ်နေသော ပြုံးနွယ်သည် ဇနီးသည်၏ ဝတ္တရားပျက်ကွက်ခြင်း အလျဉ်းမရှိဟု နားလည်နေသည်။ သို့သော်၊ အချစ်အမည်ရှိသော အကာအဆီးသည် နှစ်ဦးအကြားတွင် အစဉ်သဖြင့် ရှိနေတော့မည်ဟု အောက်မေ့၏။

❐

mgyoe.com

mgyoe.com

[ ၈ ]

တင်ကြိုစီစဉ်ထားခြင်း မရှိသော အစီအစဉ်။ ဒေ့ါသည်နှစ်ဦးသာ။ ရှေ့နေကြီး ဦးသန့်ဇင်မြိုင်နှင့် သီသီ။ ညစာကျွေးချင်သည်ဟု ပြုံးနွယ် ပြောသည်။ ကောင်းသားပဲဟု ပြုံးနွယ် ပြောသည်။ နောက်နေ့တွင် ဖိတ်လိုက်ပြီဟု ပြောသည်။ သီသီက ချက်ပြုတ်ရန် လာပြီးကူညီမည်ဟု ပြောသော်လည်း ပြုံးနွယ် လက်မခံ။ ထမင်းစားလာရမယ့် ဧည့်သည် က လာပြီးချက်ရပြုတ်ရမယ်ဆိုတာ မဟုတ်သေးပါဘူးကွယ်ဟု ပြောကာ မနက်ဖြန် လေးနာရီလောက် အရောက်လာနော် ညီမဟု မှာသည်။

ဦးသန့်ဇင်မြိုင်ကို ဖုန်းဆက်ပြီး ဖိတ်သည်။ ပြုံးနွယ်သည် တနင်္ဂနွေမနက် အစောကြီးမှထကာ ချက်ရေး ပြုတ်ရေး စီစဉ်သည်။ သူ နိုးနေ၍ ကူကက်မည်ပြင်သော် မောင် ပြန်အိပ်ချင်အိပ်လေဟု ပြော၏။ မအိပ်ချင်တော့ပါဘူးဟုဆိုသောအခါ အိမ်ရှေ့မှာ စာသွားဖတ်နေပါ။ ပြုံးနွယ်တစ်ယောက်တည်းနဲ့ ရပါတယ်ဟု ပြောသည်။ လေးနာရီ သာသာတွင် ကျွေးမွေးရန် ကိစ္စပြီးသလောက် ဖြစ်နေ၏။

အသီးအရွက်စုံကိုကြော်ရန် ဟင်းတမည်သာ ချန်ထားသည်။ လေးနာရီခွဲလောက် တွင် သီသီ ရောက်လာ၏။ ထိုအချိန်တွင် ပြုံးနွယ် ရေမိုးချိုးပြီးပေပြီ။ သနပ်ခါး ဘဲကြားနှင့်။ ပြုံးနွယ်လှုပ်ရှားဟန်သည် ဖျတ်လတ်လျက် ရှိလေသည်။ ပျော်ရွှင်တက်ကြွသော အမူအရာ ကို မြင်ရ၏။

တစ်ယောက်နှင့်တစ်ယောက် ခပ်ရှိန်ရှိန် ခပ်တန်းတန်းဖြစ်နေခဲ့သည်မှာ ဆယ့် လေးငါးရက် မကတော့။ မျက်လုံးချင်းမဆုံမိအောင် တိမ်းတိမ်းရှောင်ရှောင် ပြုနေကြ သည်ကို နှစ်ဦးစလုံး သိသည်။ မေးထူးခေါ်ပြောမှု ဖြစ်နေသည်။

mgyoe.com

oe.com


ပြုံးနွယ်သည် နေ့စဉ်ပြုနေကျ ဝတ္တရားမပျက်။ သို့သော်။ နေ့လယ် လက်ဖက်ရည် သောက်ချိန်တွင် လက်ဖက်ရည်ဆိုင်သို့မလာတော့။ လက်ဖက်ရည်ဆိုင်တွင် မျက်နှာချင်းဆိုင်ထိုင်ပြီး စကားအပြောအဆို မရှိသလောက်ဖြစ်နေသည်ကို ပြုံးနွယ် စိတ်ကျဉ်းကျပ်ပုံရ၏။ သူ့မျက်နှာ တည်လွှန်းနေသည်ဟု ကိုယ်တိုင်သိသည်။

စိတ်တွေ ခန်းခြောက်လွန်းလှသဖြင့် စကားမဆိုချင်။ ညနေ အပြန်တွင် မောင် ဘာဟင်းနဲ့စားမလဲ မေးခွန်းကို ပြုံးနွယ် မရဲတရဲ မေးမြဲမေးသည်။ ကြက်ချက်ကွာ။ ဘဲသား ချက်ချင်းချက်ပါလား။ အမဲသားချက်လေ။ ငါးဆုပ်ချက်ပေါ့။ တစ်ခုခုချက်ကွာ။ ချက်ချင် တာသာ ချက်ပါ။ မပြောတတ်တော့ဘူး။ ပြုံးနွယ့် သဘောပဲ။ စကားတွေ ပါးပါးလှပ်လှပ် ဖြစ်လာခဲ့သည်။

ဟင်းအမည် ပြုံးနွယ်ပြောတိုင်း အင်း၊ အေး သို့မဟုတ် ပြီးစလွယ် ခေါင်းညိတ် ပစ်လိုက်သည်။ သတိပြုစေလောက်သော ဆက်ဆံရေး အပြောင်းအလဲကို တမင်မပြု လုပ်မိအောင် သူ သတိထားသည်။ သို့ရာတွင်၊ တရွေ့ရွေ့နှင့် မည်သို့ မည်ပုံ ခြားခြား နားနားဖြစ်လာသည်ကို မမှတ်မိ။ အိမ်သားဦးရေများသော အိမ်ထောင်စုဆိုလျှင် ထို အပြောင်းအလဲသည် မျက်ဝါးထင်ထင်ဖြစ်လာစရာမရှိ။ သုံးလေးငါးရက်ဆိုလျှင် အထစ် အငေါ့ပြေမှန်းမသိ ပြေသွားစရာရှိ၏။

ထိုအဖုအထစ် ပြေရာပြေကြောင်းသဘောဖြင့် ဧည့်သည်ပါဝင်သော ထမင်း ဝိုင်းကို ပြုံးနွယ် စီစဉ်သည်ဟု သဘောရ၏။ ပြုံးနွယ့်စိတ်ကူး အကောင်အထည်ပေါ် သည်ဟု ထမင်းဝိုင်းမသိမ်းမီ နားလည်လိုက်သည်။ စကားပြောကောင်းသော ရှေ့နေကြီး ဦးသန့်ဇင်မြိုင်သည် အားလုံးကို ရယ်မောပြုံးရွှင်စေခဲ့သည်။ တဝါးဝါး တဟားဟား ရယ်သံတွေဖြင့် ထမင်းဝိုင်းကို စိုပြည်စေခဲ့သည်။

သာမန်အားဖြင့်သော် ထိုထမင်းဝိုင်းသည် စကားဆုံစရာ သိပ်မရှိလှဟု ထင် ၏။ ထမင်း ပြင်ကာနီးတွင် ပြုံးနွယ်သည် ကျားခေါင်းတံဆိပ် သံဗူးဘီယာဆယ်လုံးကို ရေခဲသေတ္တာထဲမှ ထုတ်သည်။ ဖန်ခွက်နှစ်လုံးထုတ်ကာ သူ့ရှေ့နှင့် ဦးသန့်ဇင်မြိုင် ရှေ့တွင် ချပေးသည်။

သံမဏိဗန်းတွင် ဗန်းသုံးပဝါခင်းပြီး ဘီယာဗူးတွေ တင်သည်။ သူတို့နှစ်ဦး အကြားတွင် ဗန်းလာထားသည်။ တစ်စုံတစ်ရာဖွင့်သာမပြောသည်။ သူ့အံ့အားသင့်လျက် ရှိ၏။

"ကိုအောင်သစ်... ခင်ဗျားဇနီးက တကယ်စိတ်ကူးကောင်းတာဗျ။" အရက်

myanmar.com

mgyoe.com

ပြင်းဆိုရင် စကားတပြောပြောနဲ့ အသောက်လွန်ပြီး သူ တပင်တပန်းချက်ထားတာတွေ မစားဖြစ်မှာစိုးလို့၊ တွေ့လား"

ဦးသန့်ဇင်မြိုင်သည် ဝလွန်းသော ကိုယ်ကာယရှိသော်လည်း စကား မြန်မြန်သွက်သွက် ပြောတတ်သကဲ့သို့ သွားလာလှုပ်ရှားမှုမှာ မြန်မြန်ဆန်ဆန်။ ပြောဟန် ဆိုဟန်သည် ရှေ့နေတစ်ယောက်ထက် ကျောင်းဆရာအသွင် ပေါက်နေ၏။ စကားသံမှာ ချိုရုံမျှမက အသုံးအနှုန်းမှာ ဖွယ်ဖွယ်ရာရာ။

ယခုတစ်ကြိမ်ပါမှ တတိယ အကြိမ်မြောက် တွေ့ဆုံရခြင်းဖြစ်သော်လည်း အမြဲတစေတွေ့ကာ ရင်းနှီးနေသူနှင့် မခြားရှိလေ၏။ ပြုံးနွယ်နှင့် ဆွေမျိုးရင်းချာကဲ့သို့ ဖြစ်နေ၏။ ပြုံးနွယ်ကို ဆက်ဆံသကဲ့သို့ သူ့ကိုလည်း ထိုနည်းတူ။ ဦးသန့်ဇင်မြိုင်သည် ပြုံးနွယ်မိခင်တို့နှင့် ရပ်ဆွေရပ်မျိုးဟု သိရသည်။ ပြုံးနွယ့်မိခင်ထက် ဆယ်နှစ်ကျော်ငယ်သော်လည်း တန်းတူရည်တူ ပြောကြဆိုကြ ခင်မင်ကြသည်။ ပြုံးနွယ်၏အစ်မက အိမ်ဦးစီးဖြစ်လာသောအချိန်တွင် အရောင်းအဝယ်ကိစ္စ၊ မြေဝယ်ပစ္စည်းဝယ် ကိစ္စမှန်သမျှ စာချုပ်စာတမ်း ပြုလုပ်သောအခါ ဦးသန့်ဇင်မြိုင်ထံတွင် ချုပ်ဆိုသည်ဟု သိရပါသည်။

"ဘီယာကြောင့် မဟုတ်ပါဘူး။ ထမင်းတွေ ဟင်းတွေကိုက အရသာရှိလွန်းလို့ ဒီလောက် စားကောင်းတာ။ ဒီလောက် မမြိန်ခဲ့တာ လေးငါးလမကတော့ဘူး။ ကျေးဇူးတင်ပါတယ် ငါ့တူမရယ်။ ကျွေးလည်း ကျွေးနိုင်ပါစေဗျာ။ အဲ... မွေးလည်း မွေးနိုင်ပါစေဗျာ"

အရွှန်းအသောတွေကြောင့် ရယ်သံတွေ ထွက်လာ၏။ ပြုံးနွယ်သည် ရှက်ကိုးရှက်ကန်းဖြစ်နေလေသည်။ အရယ်သန်သော သီသီသည် ပါးစပ်စေ့မနေရတော့။ ပြုံးနွယ်သည် အရယ်မျက်နှာဖြင့် သူ့ကို လှမ်းကြည့်သည်။ သူ့မျက်နှာသည် ဘီယာ အရက်နံ့၏ အရှိန်ကြောင့် အနီရောင်ပြေးနေ၏။

ထမင်းဝိုင်း သိမ်းအပြီးတွင် ဧည့်ခန်း၌ စကားအမျှင်မပြတ်သေး။ ဦးသန့်ဇင်မြိုင်သည် တရားခွင် အတွေ့အကြုံများထဲက ရယ်စရာအဖြစ်အပျက်တွေကို ပြန်လည် ပြောပြ၏။ ရှေးရှေးသော ရှေ့နေရှေ့ရပ်များ၏ အတွေ့အကြုံအဖြစ်အပျက်တွေ တဆင့် ဖောက်သည်ချ၏။

"အဲဒါက ဦးပုတ်နီဆိုတဲ့ ရှေးဝတ်လုံတော်ရကြီးရဲ့ အဖြစ်အပျက်လို့ ဆိုတာပဲ။ ကျုပ်ဆရာက ပြောပြလို့ ကြားဖူးတာ။ ခုနပြောသလိုပေါ့လေ။ တရားခံက သိပ်ရိုးတဲ့ တိုင်းရင်းသားဖြစ်တာက သည်းမခံနိုင်လို့ ဓားနဲ့ခုတ်သတ်တာ။

မျက်မြင်သက်သေလဲ မရှိ၊ သက်သေခံသူလည်း မရှိ။ ရန်စရှိတယ်ဆိုတာသာ သက်သေထွက်ချက်ရှိတယ်။ အမှုက ရက်ချိန်း ရက်ချိန်းချည်း။ လျှောက်လဲချက်ကလည်း ခဏခဏ၊ တနှစ်ကိုးသီတင်းကြာလာ။ ရှေ့နေက ရှေ့နေခမတောင်းတော့ဘူး။ တရားခံက သိပ်ဆင်းရဲဆိုပဲ။ အမှုမှန်နေပေမယ့် ကိုယ့်အမှုသည် လွတ်အောင် ကြံဖန်စကားစစ်ထိုးရတာကိုး။ တစ်နေ့ ရုံးထုတ်စစ်တော့ တရားခံက တရားသူကြီးမင်းတဲ့ နင့်ကိုငါ ရှင်းရှင်းဖွင့်ပြောမယ်။ ငါ့ ရှေ့နေလည်း ငါ့ကြောင့် စကားပြောရတာ လျှာတစ်လံလောက် ထွက်နေပြီတဲ့။ ငါ့ဆီကလည်း ပိုက်ဆံအပြေရတော့တာ မဟုတ်ဘူးတဲ့။ သူ့ကြည့်ပြီး ငါသနားလာပြီတဲ့။ ငါ့ကြောင့် သူလျှာထွက်ပြီးသေမှာ မကြည့်ရက်ဖူးတဲ့။ ငါ ဓားနဲ့ ခုတ်သတ်ခဲ့တာ အမှန်ပဲတဲ့။ ရှေ့နေက တားလို့လည်းမဖြစ်၊ ဘာပြောလို့ ပြောရမှန်းလည်း မသိဘူးဖြစ်သွားတာပေါ့။ တရားသူကြီးဆိုတာ ဣန္ဒြေတောင် မဆည်နိုင်ဘူး။ တရုံးလုံးလည်း တဝါးဝါး ဖြစ်သွားတာပေါ့လေ"

သီသီ၏ရယ်သံသည် အစူးဆုံး။ ပြန်ကာနီးလောက်တွင် အိမ်ထောင်ရေး တရားစကားတွေ ပြောသည်။ ပုံတို ပတ်စတွေ ညှပ်ကာ ပြတ်လုံးနှင့် ဆုံးမစကားပြောသည်။ ပြောမယ့်သာ ပြောရတာ ကျုပ်ကလူပျိုကြီးဆိုတော့ ယုတ္တိမတန်ဖြစ်ချင်ဖြစ်မယ်။ တူတွေ တူမတွေဆီက သက်ငယ်စကား သက်ကြီးကြားပြီး ပြန်ဆရာလုပ်ရတာဟု ရယ်မောပြီး ဆို၏။

ခုနစ်နာရီ ခွဲလောက်တွင် ဦးသန့်ဇင်မြိုင် ပြန်သွားသည်။ ခဏအကြာတွင် ပြုံးနွယ်က သူ့ကို ပြောသည်။ သီသီကိုလိုက်ပို့ရအောင်ဟူသော စကားအဆုံးတွင် ကိုယ်ရိတိတိဖြစ်နေတယ်ဟု သူပြောသည်။ ပြုံးနွယ် မောင်းပါ့မယ်ဟု ပြောသည်။ သီသီ့ကို လိုက်ပို့ပြီးပြန်လာသော လမ်းတစ်လျှောက်တွင် ဦးသန့်စင်မြိုင်၏စကားအချို့ကို သူပြန်ပြောကာ ရယ်မောလျက် ရှိ၏။

ပြုံးနွယ်သည် ပေါ့ပါးချိုလွင်သော အရယ်ဖြင့် သူ့ကို လှည့်ကြည့်သည်။ စိတ်အနှောင့်အယှက်ဖြစ်စရာ အနေစိမ်းစိမ်းမရှိတော့ပြီဟု ဝမ်းသာနေပုံရှိ၏။ ကိုးနာရီ မထိုးမီ အိမ်သို့ပြန်ရောက်သည်။ ဘိယာနှစ်ဗူး သူဆက်သောက်သည်။

"မောင်ဘိယာ ကြိုက်လား"

"ကြိုက်လှတယ်တော့ မဟုတ်ဘူး။ ဒါပေမယ့်... ဒီနေ့ သောက်လို့ တော်တော်ကောင်းတယ်"

mgyoe.com

 mgyoe.com


"သဘောကျရင် ပြုံးနွယ် ဝယ်ပေးထားမယ်လေ။ စိရုံကို လာသွင်းတဲ့ ပင်ရင်းဈေးနဲ့ဆို ရှစ်ကျပ်လောက်နဲ့ရတယ်"

"မဝယ်နဲ့ကွာ။ ပိုက်ဆံကုန်ပါတယ်"

သူ့ကိုပြုံးကာ ကြည့်နေလေသည်။

"အရက်ပြင်းတွေတော့ မသောက်ပါနဲ့နော်။ ကျန်းမာရေး ထိခိုက်မှာစိုးလို့"

"သောက်လည်း သောက်ဖြစ်တာမှ မဟုတ်တာ"

သူ စီးကရက်ဗူးကို လှမ်းပေးရန် လက်ညှိုးထိုး၏။ ပြုံးနွယ်သည် ဗူးကို မရွှေ့။ တစ်လိပ်ထုတ်ကာ မီးညှိပေးပြီး သူ့ထံသို့ ကမ်း၏။ သူယူပြီး တဖွာနှစ်ဖွာသောက်၏။

"သဘက်ခါ အမေတို့ မနက်ပိုင်းလောက် ရောက်မယ် ထင်တယ်"

သူ ခေါင်းညိတ်၏။

"ဒီမှာတည်းမယ် မဟုတ်လား"

"မသိဘူးလေ။ ဦးလေးတို့ဆီ တည်းချင် တည်းမှာပေါ့"

"အိပ်ခန်းတောင် ပြုံးနွယ် ရှင်းထားပြီးပြီ။ ဒီမှာတည်းဖို့ မောင် ကူပြောပေးဦး"

"မင်းပြောပေါ့။ တော်ကြာ ဦးလေးတို့က ကိုယ့်ကို တစ်မျိုးထင်ဦးမယ်။ မိန်းမရကာမှ မိန်းမအိမ်မှာ ခေါ်ပြီး တည်းစေတယ်ဆို မကောင်းဘူးလေ"

ပြုံးနွယ် ဦးခေါင်းသည် ဆတ်ခနဲ မော့၏။

"မိန်းမအိမ် မဟုတ်ပါဘူး မောင်။ မောင့်အိမ်ပါ"

သူ တွေသွားသည်။

"ဆိုပါတော့လေ..."

"ဆိုပါတော့ မဟုတ်ဘူး။ မောင်က ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီး။ မောင့်အိမ်။ ပစ္စည်းပစ္စယ အားလုံးက မောင့်ဥစ္စာတွေပဲ။ ပြုံးနွယ်က မှီခိုသူပါ"

ရင်ထဲတွင် မျက်ခနဲ ခံစားလိုက်ရ၏။

"လင့်ဥစ္စာ မယားပိုင်၊ မယားဥစ္စာ လင်ကပိုင်တယ်ဆိုတာ ဟုတ်ပေမယ့် တကယ့်တရားကိုယ် အများအမြင်က ပြုံးနွယ်ပစ္စည်းတွေပြ။ လက်ထက်ပွားမှ မဟုတ်တာ။ ဒီသဘောနဲ့ကိုယ် ပြောတာပါ"

"မဆိုင်ပါဘူး မောင်ရယ်။ ပတ်ဝန်းကျင်အမြင်တွေ ဘာတွေ ဖယ်ပစ်လိုက်စမ်းပါ"

ပြုံးနွယ် မျက်လုံးသည် သူ့ထံသို့။ သူ့ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။ သဘောအယူကွဲပြားခြင်း မရှိတော့ဟု ပြုံးနွယ် ဝမ်းသာအားရ ဖြစ်လေသည်။

mgyoe.com

mgyoe.com

"ပြုံးနွယ့်စကားကို သဘောကျတယ်"

"ဘာကိုလဲ မောင်"

"ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီးဆိုတာ။ လူတော်တော်များများကို ဦးစီးနေရတဲ့သူလေ။ မိန်းမရယ်၊ ခွန်းရယ်... ပန်းကန်ရယ်... မီးဖိုရယ်... ကုလားထိုင်တွေရယ်"

ပြောပြီး ရယ်၏။ ပြုံးနွယ်က သူ့ဘေးတွင် ရပ်ရင်း ရယ်လေသည်။

"လင်မယား နှစ်ယောက်ထဲမို့ မောင် ပျင်းလာပြီ၊ ထင်တယ်"

"တစ်မျိုးတော့ တစ်မျိုးပဲ၊ နေရတာ ခြောက်ကပ်ကပ်ကြီး ထင်တာပဲ"

"ကလေး ချီရ၊ ချော့ရ၊ အနှီးလျှော်ရနဲ့ မောင်အလုပ်တွေ ပိုလာမှာ စိုးလို့"

"အင်း..."

"ပြုံးနွယ် ဆိုင်တစ်ဖက် ကလေးတစ်ဖက်၊ မောင့်အပေါ် တာဝန်လစ်ဟင်းမှာလဲ စိုးလို့။ အိမ်အလုပ် ကူဖော်လောင်ဘက်ရှာရင်လည်း ဖြစ်တော့ဖြစ်ပါတယ်။ ဒါမှမဟုတ် သီသီကို အိမ်ခေါ်ထား။ ဒီတော့လည်း ဆိုင်မှာ လူလိုလာဦးမယ်။ မောင့်သဘောပါ။ ခုလည်း မောင့်သဘောအရပဲဟာ။ ကလေးသားမြေးရှိတော့ တစ်ခုကောင်းမယ်။ ယောကျ်ားလုပ်တဲ့သူ စိတ်မလေးဘူးပေါ့"

ပြက်လုံးစကားကြောင့် ရယ်လိုက်သည်။

"ခုတော့ စိတ်လေးတယ်ပေါ့လေ"

"နောက်တာနော် တကယ်ပြောတယ် ထင်ပြီး စိတ်မဆိုးနဲ့ဦး"

ကြောင့်ကြောင့်ကြကြစကား ပြောရသကဲ့သို့ ဖြစ်နေသည်ကို သူ သိလိုက်ရ၏။

"ပြောပါကွာ။ မောင်က အထိအခံ ရွှေပန်းကန်မှ မဟုတ်တာ။ အရန်အတား အကာအကွယ်ပြုပြီးမှ စကားပြောလို့ ရတယ်ဆိုရင် မောင်က ဘယ်ဟုတ်တော့မလဲ။ တစ်ထီးတစ်နန်း တမင်းတမူကြီး ဖြစ်သွားမှာပေါ့"

ချမ်းမြေ့ကြည်နူးသော မျက်နှာကို ပီသစွာ မြင်ရသည်။

"ကျေးဇူးတင်ပါတယ် မောင်"

သူ ပြုံးလေ၏။

"ကိုယ်ကလည်း ဒီအတိုင်းပါပဲ"

"ဘီယာစကား မဟုတ်ပါဘူးနော် မောင်"

"ဖြစ်မှ ဖြစ်ရလေ"

ပြုံးနွယ်သည် အားပါးတရ ရယ်၏။ သူ့ပခုံးပေါ်သို့ လက်ဖဝါးဖွဖွ တင်ထားသည်။

mgyoe.com

mgyoe.com

"မောင်က စကားပြောရင် ကိုယ့်ကိုယ်လို့ ဘာလို့ပြောရတာလဲ"

"ဘာဖြစ်လို့လဲ ပြုံးနွယ်"

"ရောင်းသူ ဝယ်သူ အသံမတူဘူး ဖြစ်နေတယ်လေ"

"တစ်ခါတလေ မောင်လို့ သုံးပါတယ်"

"တစ်ခါတလေဆိုတာ စိတ်လို စိတ်ရလား ဟင်"

"မောင် အဲသလိုပြောတာ မဟုတ်ပါဘူး"

ရယ်သံတို့သည် စဲသွားခြင်းမရှိသေး။

❒

mgyoe.com

mgyoe.com

# [ ၄ ]

အမေသည် ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို တဝဖွာသောက်ပြီး ပြာခံခွက်ထဲသို့ ပြန်ချထားသည်။ အမေ့ပါးတွင် အရည် အရစ်တွေ ထင်းလျက်ရှိ၏။ ညိုသော အသား အရည်ကြောင့်လည်းကောင်း၊ မနှစ်က မကျန်းမမာဖြစ်ခဲ့ရသောကြောင့်လည်းကောင်း သိသိသာသာ အိုစနာ နိုင်သွား၏။ ဦးဆံတွေ အဖြူများလာသည်။

လက်ကောက်ဝတ် လက်ခုံရိုးလေးတွေ ခပ်ငေါငေါပေါ်နေ၏။ သေးသွယ်သော မျက်နှာသည် အစဉ်သဖြင့် ကြည်လင်လျက်ရှိ၏။ နှုတ်ခမ်းအညိုရောင်သည် အနည်းငယ် ပိုရင့်လာသည်။ သွားတွေ အကုန်ကောင်းနေသော်လည်း မျက်စိမှုန်စပြုလာ၏။ အနီး အဝေးမှန်ပါသော မျက်မှန်ကို ကောက်တပ်ကာ...

"မင့်မိန်းမက တော်တော် တော်တဲ့ ကလေးမပဲကွယ့်"

လက်ဖက်ရည်ကြမ်း ရေနွေးဖြည့်ရင်း ပြုံးနွယ်ထွက်အသွားတွင် ခပ်တိုးတိုး ပြော၏။

"မြို့သူလည်းဖြစ်ပြန် ပစ္စည်းပစ္စယကလည်း ချမ်းချမ်းသာသာ၊ ပညာလေးက လည်း တတ်၊ သူ့ရုပ်သူ့ရည်ကလည်း အရှိဆိုတော့ ဟန်မှုဟန်ပ့ါမလား အမေတို့ ထင်ခဲ့ကြတာ၊ တကယ့် ဗိုင်းကောင်း ကျောက်ဖိဘဲ။ ဘယ်ဆွေဘယ်မျိုးမှ အားမကိုးပဲ ကိုယ့်ကိုယ်ကိုယ် အားကိုးတဲ့မာနကို အမေတို့ ချီးကျူးတယ်"

အဖေသည် အင်းဟု ကွမ်းမြို့သံဖြင့် ပြောသည်။ ပခုံးပေါ်မှ မျက်နှာသုတ်ပဝါ

mgyoe.com